# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 28 April 2025 ၁၁၈၀၁


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဘုရားပွဲတော်ကာလအမီပြီးစီးနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ညောင်ရွှေ ဧပြီ ၂၇

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရင်ပြင်တော်ကုန်းမြေနှင့် ပင်မစံကျောင်းတော်ကြီးအား ယခုနှစ် သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုပ်အားဒါနရှင်များက အရှိန်အဟုန်မြှင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ရင်ပြင်တော်နှင့် ကုန်းတော်မြေ ပိုမိုခိုင်ခံ့ကောင်းမွန်စေရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် စက်ယန္တရားကြီးများဖြင့် Sheet Pile ရိုက်ခြင်းလုပ်ငန်းတွင် ဟိုတယ်ဇုန်စက်လှေဆိပ်မှ ဖောင်တော်ဦးမြတ်စွာဘုရား ကုန်းမြေသို့သံချောင်းကြီးများအား စက်လှေကြီးများနှင့် သယ်ဆောင်၍ လည်းကောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ ပေါင်ကြီးတင်နည်းစနစ်ဖြင့် ရေသွင်းနှမ်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

## နွေနှမ်း ဧက ၂၉၆၉၀ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ယနေ့ထိ နွေနှမ်း ဧက ၂၉၆၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ဒေသခံတောင်သူများက နှမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကိုရွေးချယ်ပြီး အထွက်နှုန်းကောင်းမွန်သော ပေါင်ကြီးတင်နည်းစနစ်ဖြင့် ရေသွင်း၍ အားထားစိုက်ပျိုးကြကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ★


**ယနေ့ ဖတ်စရာ**

**လျှော်ငင်က မဖြိုဖျက်နိုင်ခဲ့သော မြန်မာတို့ရဲ့အားမာန်**
ဆောင်းပါး စာမျက်နှာ » ၆

**လှေကျင့်သင်ကြားရေးစခန်းတွေ ဖွင့်လှစ်ပြီး သင်ကြားရေးဆရာ ဆရာမတွေနဲ့ Revision သင်ကြားခြင်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေက ဘာသာရပ်တွေကို Short to the point သင်ကြားပို့ချပေးမှာဖြစ်ပြီး ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေကတော့ လေ့ကျင့်သင်ကြားလမ်းညွှန်ပေးမှာဖြစ်ပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာသင်တန်း-သင့်အောင်မြင်မှုအတွက် ရွေးချယ်လိုက်သောခြေလှမ်း**
ဆောင်းပါး စာမျက်နှာ » ၁၀

**၂၀၂၅ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်**
စာမျက်နှာ » ၁၉

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ် မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေအရ ဝန်အားထိန်းညှိရသဖြင့် အချိန်ပိုင်းဓာတ်အားပိတ်၍ ဓာတ်အားဖြန့်ဖြူးပေးနေရသောကြောင့် ဖြန့်ဝေသည့်အချိန်တွင် သတ်မှတ်ထားသည့်အချိန်တိုင်း တိကျစွာရရှိရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင် တည်ငြိမ်ပြည့်ဝသည့် ဓာတ်အားစနစ်ရရှိရေးတို့ကို ဟန်ချက်ညီ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးမှ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ခွဲဝေရရှိသည့် ဘဏ္ဍာငွေကို စနစ်တကျစိစစ်သုံးစွဲရန်လိုအပ်ပြီး ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်သည့် လုပ်ငန်းများပြီးပြတ်စေရေး Work Plan ၊ Cash Plan ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင်ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျကောက်ခံသွားရန်နှင့် ဓာတ်အားခကြွေးကျန်များကိုလည်း ရာနှုန်းပြည့်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်များအတွင်း တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး ပုံမှန်စစ်ဆေးခြင်းအပြင် ရှောင်တခင် စစ်ဆေးရေးအဖွဲ့များဖြင့် Spot Check ၊ Cross Check ၊ Counter Check နှင့် Surprise Check စစ်ဆေးခြင်းများကို အဖွဲ့ဖွဲ့၍ စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားခကြွေးကျန်အလွဲသုံးစားမှုများ မဖြစ်စေရေး၊ မီတာဖတ်ရှုမှုအား မှန်ကန်စွာဖတ်ရှုသွားနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာန၏ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြခဲ့မှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား၌ Sheet Pile ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

☆ **ရွှေဖုံးမှ**

ဖောင်တော်ဦးဘုရား ပင်မကျောင်းဆောင်တိုင်များ ထပ်ပိုးကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကို လည်းကောင်း စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖောင်တော်ဦးမြတ်စွာဘုရား ရင်ပြင်တော်နှင့် ပင်မစံကျောင်းတော် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများထည့်ဝင်လှူဒါန်း ကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၂၄၃၅၂၀၀ ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးဝင်းမြင့် ဥက္ကဋ္ဌ ဖောင်တော်ဦးဂေါပကအဖွဲ့ ဖုန်း ၀၉-၇၇၁၄၉၇၈၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**


★ **ပွင့်ဖြူမြို့နယ်မှ**

နှမ်းစိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် စိုက်ပျိုးကြဖို့နဲ့ ပိုးမွှားရောဂါကင်းဝေးအောင် စနစ်တကျဆောင်ရွက်ကြဖို့ နယ်မြေကွင်းဆင်းပြီး နည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ က ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေး ပေါင်းကြီးတင်စိုက်နည်းစနစ်များနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရန် တောင်သူပညာပေး သင်တန်းများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် စိုက်ပျိုးရေ စနစ်တကျ သုံးစွဲရေး အသိပညာပေးခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံသော သီးနှံများကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းစိုက်ပျိုးရေးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်အောင် ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**



ပွင့်ဖြူမြို့နယ်၌ ပေါင်းကြီးတင်စိုက်နည်းစနစ်ဖြင့် နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

## မျှော်လင့်နေသည့် လင်းရောင်ခြည်

❖ ဟိုဘက် ဒီဘက်၊ ပိုင်းခြား တွက်ကြ
ကိုယ့်ဘက် သူ့လူ၊ သတ်မှတ် ယူကြ
သူ-ဖြူ ငါ-မည်း၊ အရောင် ခွဲကြ
အတွဲ မတူ၊ ရန်ပြုမူကြ
သူပိုင် ကိုယ်ဆိုင်၊ ယှဉ်လု ပြိုင်ကြ
နိုင်ငံ့မြေပုံ၊ အလှစုံကို
**ပေါင်းဆုံ မကြည့်နိုင်ပြီလား။**
**မြင်အောင်ပြန်ကြည့် အရှိတရား။**

❖ အမြင်မတူ၊ အယူ ကွဲပြား
ခွဲခြား အသွင်၊ သပ်လျှို ချင်ကြ
သူတင် ကိုယ်တင်၊ ရန်ဘက် သွင်နှယ်
ဆင်ခြင်မှု ကင်း၊ အချင်းချင်း ကြား
**စစ်ခင်းနေကြတော့မှာလား။**
**အပြုသဘော ပြန်စဉ်းစား။**

❖ ဒီမြေ ဒီရေ၊ ဒီအခြေကို
သူတွေ ငါတွေ၊ ခွဲခြားလေ ဟု
ငါတွေ သူတွေ၊ ကွဲပြားစေ ဟု
အတေ အတီ၊ ဘိုး ဘေး ဘီ တို့
မရည်ရွယ်ကြောင်း၊ သိဖို့ကောင်းသည်
**ကျိုးကြောင်း တွေးကြည့် နောင်ညီများ။**
**ပြည်ထောင်စုစိတ် ရှင်သန်ပွား။**

❖ ဘာသာ အယူ၊ ဝါဒ မူ တို့
မတူ ကွဲပြား၊ မည်သို့ ခြားစေ
တို့တစ်တွေသည်
တစ်လှေတည်း စီး၊ တစ်ခရီးတည်း သွား
**အားလုံးမြန်မာ သွေးရင်းများ။**
**မွေးရာပါသည့် အသိတရား။**

❖ အရှေ့ အနောက်၊ တောင်မြောက် လှမ်းကွာ
အညာ အကြေ၊ ရေမြေ မတူ
ရှိကြမူလည်း
တစ်မြေတည်း နေ၊ တစ်ရေတည်း သုံး
**ဆက်ထုံးခိုင်ထား တိုင်းရင်းသား။**
**လွယ်လွယ်ဖြတ်လို့ ပြတ်နိုင်မလား။**

❖ အနိဋ္ဌာရုံ၊ တိုက်ပွဲစုံကြောင့်
လုံခြုံမှု ကင်း၊ တိုးတက်ခြင်း နှေး
**ဆင်းရဲ ကြောင့်ကြ၊ ဒုက္ခ ထွေထွေ**
**ဒီဆိုးမွေကို**
**တို့တွေ ချန်ထား ခဲ့မှာလား။**
**သမိုင်းတရားခံ အဖြစ်ခံမလား။**

❖ အို..သားချင်းငဲ့
စစ်ခင်းတာရပ်၊ မေတ္တာခေတ်နဲ့
မြင့်မြတ်ဌာနီ၊ မြန်မာပြည်ကို
အရှည်တည်ရေး၊ ရည်မြော်တွေးကာ
**သွေးသားချင်းချင်း၊ တွေ့ဆုံခြင်းဖြင့်**
**ညီနောင်ချင်းချင်း၊ ညှိနှိုင်းခြင်းဖြင့်**
**ရင်းနှီးဆွေးနွေး၊ အိမ်တွင်းရေးကို**
**အေးဆေးကြည်သာ၊ ဖြေရှင်းကာဖြင့်**
**ပြည်ရွာတစ်ဝန်း၊ ငြိမ်းချမ်းပန်းတို့**
**ပွင့်လန်းစေဖို့ ပျိုးထောင်စို့။**
**ပြည်သူ့ဆန္ဒ ပြည့်စေဖို့။**
**ဝိုင်းဝန်း ကြိုးပမ်း ကြပါစို့။ ။**

**မျိုးမြတ်မြတ်မြင့်မောင်**

**(တွေ့ဆုံဆွေးနွေးမှုများမှသည် ငြိမ်းချမ်းရေးဆီသို့)**

## တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု (တတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

တပ်မတော်တွင် နဝမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု(တတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ရာ အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးကျော်စောအောင်နှင့် အသည်းအလှူရှင် ကိုလင်းထက်အောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ကိုးနာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။



ယခင်ရက်များတွင် ဆောင်ရွက်ခဲ့သော ခွဲစိတ်ကုသမှု အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဧရာဝတီတိုင်းဒေသကြီး၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် မေ ၂၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ မြောင်းမြ-လပွတ္တာသွားလမ်းမကြီးမှတစ်ဆင့် ဝင်ရောက်သွားလာရသည့် သိလ္လာချောင်းဖျားလမ်းအား မြေသားလမ်းမှ ကျောက်လမ်း တစ်မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ရှမ်းရေကျော်ကျေးရွာအုပ်စု ကညင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ရှမ်းရေကျော်ကျေးရွာ ရွာအပြင်လမ်းအား ကွန်ကရစ်လမ်း လေးဖာလုံ ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့သည်။

**အထောက်အကူပြုမည်**

အဆိုပါလမ်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် မြောင်းမြမြို့အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၅။ Myawady Webportal
https://myawady.net.mm
၆။ Myanmar National Portal
https://myanmar.gov.mm

## ဆက်သွယ်ဆောင်ရွက်နိုင်ရေးအသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာန အဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများအပါအဝင် အခြားအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည် –

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၆၉၆၀၀၆၉၉၉)။
(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်ယာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**

## ဒုတိယဝန်ကြီး ဦးအေးထွန်း ရွှေတိဂုံစေတီတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှု



ရန်ကုန် မေ ၂၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရွှေတိဂုံစေတီတော် အလှည့်ကျသဘာပတိ ဦးသောင်းစိန်ဦးနှင့် ဂေါပကအဖွဲ့ဝင်များက စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးပြီဖြစ်၍ ငြမ်းဖျက်သိမ်းမှုအခြေအနေနှင့် ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော်ငြမ်းဖျက်သိမ်းမှု၊ စေတီတော်အနောက်ဘက်စောင်းတန်းရှိ သွပ်ပန်းတည်းများဖြင့်ပြုလုပ်ထားသော မြန်မာမှုပန်းဆွဲလက်ရာများအား ကျွန်းသစ်ဖြင့်ပြုလုပ်ထားသော မြန်မာမှုလက်ရာများဖြင့် ပြောင်းလဲတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြဒါးရှင်ဘုရားအနီးရှိ လဟာပြင်တန်ဆောင်းအတွင်း ရွှေသင်္ကန်းရောင်မှိန်နေသော ဗုဒ္ဓရုပ်ပွားတော်များနှင့် မျက်နှာကြက်များ ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့မွန်းလွဲပိုင်းကလည်း ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယက ကျောင်းဆောင်ဘုရားခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တာဝန်ကျ ဒုတိယအဖွဲ့ခွဲဆရာတော်များကို သွားရောက်ဖူးမြော်ကြည်ညို၍ ဩဝါဒခံယူသည်။

ဒုတိယဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ရပ်ဆိုင်းခဲ့ရသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ပြန်လည်ကျင်းပရေး၊ ငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးခဲ့သောဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ သာသနိကအဆောက်အအုံများ ပြန်လည်တည်ထားဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်ရာတွင် ငလျင်ဒဏ် ရစ်ချ်တာစကေး ၈ အထိခံနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည့်အခြေအနေများ၊ သမဏသာရုပ္ပမဖြစ်သော ဖြစ်စဉ်များကြောင့် ပြစ်ဒဏ်ကျခံရပြီး သင်္ကန်းပြန်လည်ဝတ်ရုံခွင့်တောင်းခံခြင်းကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထား ဩဝါဒခံယူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများက လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးမိန့်ကြားရာတွင် ဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲများကို သက်ဆိုင်ရာစည်းမျဉ်းများနှင့်အညီ ကျန်ရှိဘာသာရပ်များအတွက် ပြန်လည်ကျင်းပပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဇွန်လပထမပတ်အတွင်း စာမေးပွဲများကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရာတွင် ရစ်ချ်တာစကေး ၈ အထိခံနိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့်ညှိနှိုင်း၍ မူဝါဒချမှတ်ထုတ်ပြန်ပေးရန်နှင့် ရဟန်းသာမဏေများအနေဖြင့် သမဏသာရုပ္ပမဖြစ်သောဖြစ်စဉ်များကြောင့် ပြစ်ဒဏ်ကျခံရပြီး သင်္ကန်းပြန်လည်ဝတ်ရုံခွင့်တောင်းခံရာတွင် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန်တို့ကို မိန့်ကြားရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းလျှောက်ထား၍ ဩဝါဒခံယူပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် နှစ်ဆယ့်ရှစ်ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုဗ္ဗသီရိမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ–Export Quality) ၉၇၂၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၄၃ အိတ်၊ ဆီ ပိဿာ ၂၇၆၂၀၊ ဆား ၁၄၆၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၅၁၂၉ ထုပ်၊ ငါးပိ ၂၅၈ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ပိဿာ ၄၀၊ ငါးမုတ်ပိဿာ ၃၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၃ အိတ်၊ စားအုန်းဆီ ၄၅၆၅ ပိဿာ၊ ဆား ၄၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၃၅ ဘူး၊ ငါးပိ ၁၅ ပိဿာ၊ ကြက်သွန်နီ ၅၂၇ ပိဿာ၊ အသားတု ၂၂ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၄၈ အိတ်၊ စားအုန်းဆီ ပိဿာ ၅၀၆၀၀၊ ဆား ပိဿာ ၅၀၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၂ ထုပ်၊ ငါးပိ ၁၉ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကိုရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သုံးခွမြို့နယ်ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းကုသပေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ပြည်သူ့ဆေးရုံ၌ သန်လျင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာချောနဒီ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပြည်သူများအား မေ ၂၆ ရက် နံနက်ပိုင်းက ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့သည်။

အထွေထွေလူနာ ၇၉ ဦး၊ ခွဲစိတ်လူနာ ၁၀ ဦး၊ သားဖွားမီးယပ်လူနာ ၁၂ ဦး၊ ကလေးလူနာ ၁၆ ဦး၊ အရိုးအကြောလူနာ ၄၄ ဦး၊ နား၊ နှာခေါင်းလူနာ ၂၉ ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာလူနာ၂၃ ဦး လူနာစုစုပေါင်း ၂၁၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။ ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် “မရှိ၍ မလင်းသူ မရှိစေရ” အစီအစဉ်ဖြင့် သန်လျင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့က လူနာများအား စမ်းသပ်စစ်ဆေးခဲ့ရာ မျက်စိခွဲစိတ်ရန်လူနာ ၃၅ ဦးရှိပြီး မျက်မှန်တပ်ရန်လိုအပ်သူ ၈၈ ဦးအား မျက်မှန်ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# ငလျင်က မဖြိုဖျက်နိုင်ခဲ့သော မြန်မာတို့ရဲ့အားမာန်

မောင်မိုး

**“ ၇ ဒသမ ၇ ရစ်(ခ်)တာစကေးပြင်းအားရှိ ငလျင်ကြီးဟာ အုတ်၊ သဲ၊ ကျောက်၊ သံမဏိတွေနဲ့ အခိုင်အမာတည်ဆောက်ထားရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေကို အတုံးအရုံးလဲကျအောင် ဖြိုလှဲနိုင်ခဲ့ပေမယ့်လည်း မြန်မာနိုင်ငံသားတို့ရဲ့ စိတ်ဓာတ်ကိုတော့ ယိမ်းယိုင်လဲကျသွားအောင် လှုပ်ခတ်မစွမ်းဆောင်နိုင်ခဲ့ပါဘူး”**












ယနေ့ ဧပြီလ ၂၈ ရက်နေ့ဟာ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့တဲ့ တစ်လတင်းတင်း ပြည့်မြောက်ခဲ့တဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်။ ဒီတစ်လတာ အချိန်ကာလဟာ အစိုးရနဲ့ ပြည်သူအားလုံးအတွက် သာမန်အချိန်ကာလတွေထက် စိတ်ရောကိုယ်ပါ ပိုပြီးပင်ပန်း ရုန်းကန်ခဲ့ကြရတာကိုလည်း မြင်တွေ့ခံစားနိုင်ပါတယ်။ ဒီလို ရုန်းကန်နေကြရပေမယ့်လည်း ငလျင်ဘေးဒဏ်သင့်ပြည်သူတွေဟာ ရှောင်လွှဲမရတဲ့ ဘေးအန္တရာယ်တွေပေါ်မှာ ဗုဒ္ဓတရားရဲ့ အဆုံးအမတွေနဲ့အညီ စိတ်ဓာတ်ကြံ့ကြံ့ခံ ရင်ဆိုင်ဖြတ်သန်းကျော်လွှားနေမှုနဲ့အတူ အစိုးရနဲ့ပြည်သူတို့အကြား နားလည်ယုံကြည်မှုများနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေမှုတွေကို ကြားသိနေရပါတယ်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းဟာ သမားရိုးကျခြိမ်းခြောက်မှုတွေမဟုတ်တဲ့ သဘာဝဘေးအန္တရာယ်တွေကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့ကျော်လွှားဖြတ်သန်းနေကြရတာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ဟာ ကြိုတင်ခန့်မှန်းဖို့ခက်ခဲပြီး ရေကြီးမှုတွေ၊ မြေပြိုမှုတွေ၊ မုန်တိုင်းတိုက်ခတ်မှုတွေ၊ ငလျင်လှုပ်ခတ်မှုတွေနဲ့ တောမီးလောင်ကျွမ်းမှုတွေစတဲ့ သဘာဝဘေးအန္တရာယ်တွေ




ဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး ဖြစ်ပွားလာနိုင်တာဖြစ်တယ်။ ယနေ့မျက်မှောက်ကာလမှာ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ အစွန်းရောက် ရာသီဥတုဖြစ်စဉ်တွေကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံမှာလည်း ၂၀၂၃ ခုနှစ် မေလမှာ မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ ရာဂီမုန်တိုင်းရဲ့ အကြွင်းအကျန် တိမ်တိုက်တွေကြောင့် ရေကြီးရေလျှံဘေးကို ရင်ဆိုင်ကျော်လွှားခဲ့ကြရပါတယ်။

**မတ်လ ၂၈ ရက်နေ့ မြင်ကွင်းပုံရိပ်များ...**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းမှာ အင်အား ၇ ဒသမ ၇ ရစ်(ခ်) တာစကေးရှိလှုပ်ခတ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ အယုတ် အလတ် အမြတ် မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာ အသွေးအရောင်မခွဲခြား၊ အသက်အရွယ် မပိုင်းခြား၊ နိုင်ငံရေးအရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနဲ့ တိရစ္ဆာန်တွေအပေါ် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံ မန္တလေးမြို့နဲ့ ၁၆ ကီလိုမီတာအကွာကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ အနက် ၁၀ ကီလိုမီတာပဲရှိပြီး သိသိသာသာတိမ်တဲ့ ငလျင်ဖြစ်ကာ အင်အား ၇ ဒသမ ၇ ရှိတယ်လို့ ဘူမိတိုင်းတာရေးဌာနက တွက်ချက်ဖော်ပြထားခဲ့ပါတယ်။

ထူးခြားမှုတစ်ခုအနေနဲ့ မန္တလေးငလျင်ကြီး မလှုပ်ခတ်မီ ငါးမိနစ်လောက်အလိုမှာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ဝင်းရှိ ဆင်ဖြူတော်တွေဟာ ဝိုင်းပတ်၍ အော်ဟစ်နေကြောင်း ပြန်လည်ကြားသိရခဲ့သောကြောင့် ငလျင်နဲ့ မိမိဘေးပတ်ဝန်းကျင်ရှိ တိရစ္ဆာန်တွေရဲ့ ဆက်စပ်နေမှုကိုလည်း သတိထားစရာတစ်ခုအဖြစ် မှတ်သားခဲ့ရပါတယ်။ ဒီလို မန္တလေးငလျင်ဘေးဒဏ်ကြီးကြောင့် နိုင်ငံသားအားလုံးရဲ့ လူမှုစီးပွားဘဝတွေနဲ့ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားအပါအဝင် အမြတ်တနိုးတန်ဖိုးထား ကိုးကွယ်ရာဖြစ်တဲ့ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပုထိုးတွေ များစွာမြေခလဲပြိုခဲ့ရမှုအပေါ် နိုင်ငံသားတွေအနေနဲ့ ယူကျုံးမရ မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ကြရပေမယ့်လည်း နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ငါတို့တစ်တွေ အတူတကွအမြန်ဆုံး ပြန်လည်ထူထောင်နိုင်လိမ့်မယ်လို့ ယုံကြည်ထက်သန်တဲ့ စိတ်ဓာတ်အားမာန်တွေဟာလည်း မြန်မာနိုင်ငံသားအားလုံးရဲ့စိတ်ဝယ် ကြီးမားစွာ ဖြစ်ပေါ်နေတာကို ခံစားတွေ့မြင်ရပါတယ်။

**အရေးကြီးရင် သွေးနီးတတ်တာ....**

မတ်လ ၂၈ ရက်နေ့ မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် နိုင်ငံတော်အကြီးအကဲအနေနဲ့ နေပြည်တော် ကောင်စီနယ်မြေအတွင်း ချက်ချင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ပြင်ဆင်ဆောင်ရွက်စေခဲ့တယ်။ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ငလျင်ကြောင့် သက်ရောက်ခဲ့တဲ့ အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ ချက်ချင်းပင် တိုက်ရိုက်ထုတ်လွှင့်၍ ငလျင်ဒဏ်သင့်ဒေသတွေကို အရေးပေါ်အခြေအနေ ကြေညာချက်အား ပြည်သူလူထုနဲ့ နိုင်ငံတကာသို့ အသိပေးကြေညာခဲ့တာကို မြင်တွေ့ခဲ့ရပါတယ်။ ဒီလို နိုင်ငံတကာသို့ ချက်ချင်းအသိပေး ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့မှုတွေကြောင့်လည်း အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံ အသိုက်အဝန်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက အကူအညီတွေ အချိန်ပိုင်းအတွင်း အမြန်ဆုံးပေးပို့ခဲ့ကြပြီး အချို့ပိတ်မိနေသူတွေကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့တာပဲဖြစ်ပါတယ်။

အလားတူပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်တဲ့ ကျွန်တော်တို့ နိုင်ငံသားတွေဟာ စေတနာသဒ္ဓါတရား ထက်သန်စွာ ပေးကမ်းလှူဒါန်းကြရာမှာ ကမ္ဘာပေါ်မှာ အမြင့်မားဆုံးနိုင်ငံအဖြစ် ရှိနေတာကို ဒီငလျင်ကြီးက သက်သေပြခဲ့ပါတယ်။ မြန်မာတို့ရဲ့ စိတ်ရင်းဓလေ့တွေဟာ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာရတဲ့အချိန် ဆင်းရဲချမ်းသာ အဆင့်အတန်းမရွေး ငလျင်ဘေးဒဏ်သင့်ဒေသတွေဆီကို လူအား၊ ငွေအားနဲ့ ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းတွေမှာ တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုမြင်ကွင်းများဟာလည်း “မြန်မာလူမျိုးတို့ရဲ့ အရေးကြီးရင် သွေးနီးတယ်” ဆိုတဲ့ အမျိုးသားစရိုက် လက္ခဏာတန်ဖိုးတွေကို ဂုဏ်ယူစွာတွေ့ရှိရပါတယ်။

နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့တွေအပေါ် မြန်မာတို့ရဲ့ အစဉ်အလာဖော်ရွေမှု၊ ကြင်နာမှု၊ ဧည့်ဝတ်ကျေပွန်တတ်မှုနဲ့ ရိုးဂုဏ်တို့ကိုလည်း မပျက်မယွင်း တွေ့ရှိခဲ့ရပါတယ်။ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေအနေနဲ့ မြန်မာပြည်သူတွေရဲ့ ကျေးဇူးတင်တတ်၊ ကျေးဇူးဆပ်လိုကြတဲ့စိတ်ရင်းကိုသာမက ရိုးသားဖော်ရွေ ပျူငှာတတ်ကြပုံတွေကို အံ့သြဘနန်း ထုတ်ဖော်ပြောကြားခဲ့ကြသလို သူတို့ရဲ့ ဗီဒီယိုကင်မရာတွေနဲ့ မှတ်တမ်းရိုက်ယူကြတာ၊ လူမှုကွန်ရက်တွေမှာ မျှဝေကြတာကိုလည်း တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၁ ရက်နေ့မှာလည်း ငလျင်ဘေးဒဏ်သင့်ဒေသတွေမှာ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် စေတနာရှင်၊ အလှူရှင်များက ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ(ကျပ်)၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ (ကျပ်) စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံ(ကျပ်) ကို အစိုးရထံ လှူဒါန်းပေးအပ်ခဲ့မှုတွေကိုမြင်တွေ့ခဲ့ရပြီး နိုင်ငံတော်အစိုးရအနေနဲ့လည်း ၅၀၀ ဘီလီယံ(ကျပ်)ကို ကနဦးမတည်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

**စာမျက်နှာ ၇ သို့ ☆**





☆ စာမျက်နှာ ၆ မှ

နိုင်ငံတော်အကြီးအကဲက မန္တလေးငလျင်ဘေးဒဏ်နှင့်စပ်လျဉ်းကာ "ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရတဲ့နေရာတွေမှာ ကနဦးအနေနဲ့ အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုတွေကို ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေနဲ့ ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးယခင်အတိုင်း ပြန်လည်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း၊ တတိယပိုင်းအနေနဲ့ ပြိုကျနေဆဲဖြစ်တဲ့ အန္တရာယ်ရှိအဆောက်အဦများကို ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရတဲ့ လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အဦများ ပြန်လည်တည်ဆောက်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက်နဲ့ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း" လမ်းညွှန်ပြောဆိုထားရှိမှုနဲ့အတူ သမိုင်းခေတ်အဆက်ဆက် မြန်မာ့အရေး အခက်အခဲမှန်သမျှကို မြန်မာနိုင်ငံသားတွေကသာ အဓိကရင်ဆိုင်ဖြေရှင်းကျော်လွှားခဲ့ကြရတာဆိုတာ ပကတိအရှိတရားတွေဖြစ်ပြီး ဒီမြေပေါ်မှာရှင်သန်နေကြသူတွေအားလုံး စုပေါင်းရုန်းထကြရမယ်ဆိုတဲ့ အသိတရားတွေနဲ့ အနာဂတ်မြန်မာပြည်ကို ဝိုင်းဝန်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

**"မိုခါ" မုန်တိုင်းကြီးကဲ့သို့ ရင်ဆိုင်ကျော်လွှားကြမည်....**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့တဲ့ တစ်လပြည့်မြောက်ခဲ့တဲ့နေ့ဖြစ်တာနဲ့အတူ ဒီတစ်လတာကာလအတွင်း အစိုးရနဲ့ပြည်သူ အတူတကွ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားခဲ့ကြရတဲ့ အခြေအနေတွေဟာ ၂၀၂၃ ခုနှစ် မေလအတွင်း ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ မုန်တိုင်းမိုခါ (Mocha) ကို ပြန်လည်သတိရမိစေခဲ့ပါတယ်။ မှတ်သားမိသလောက် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှာ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး (Extremely Severe Cyclonic Storm) ဟာ ဆောင့်တိုက်လေတိုက်နှုန်း မိုင် ၁၀၀ ကျော်နဲ့ ရခိုင်ကမ်းရိုးတန်းအတွင်း စတင်ဝင်ရောက်လာပြီး စစ်တွေမြို့ရဲ့အနောက်မြောက်ဘက် ကျောက်ပန္နူ အနီးမှဖြတ်ကျော်ကာ ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဖြတ်သန်းဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီအချိန်တုန်းက ကျွန်တော်သတိပြုမိတာတစ်ခုကတော့ မုန်တိုင်းသတင်း စတင်ကြားကတည်းက နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင်၊ ပြည်သူလူထုနဲ့ တပ်မတော်တို့ဟာ တစ်စိတ်တည်း၊ အာရုံတစ်ခုတည်း၊ သတိရှိရှိနဲ့ စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့တာပဲ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒီလိုအချိန်မှာ မြန်မာနိုင်ငံသားတွေရဲ့ စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ် (Unity of Myanmar Spirit) ကို ပီပီပြင်ပြင် မြင်တွေ့ခဲ့လိုက်ရပါတယ်။ ဒီလို မုန်တိုင်းအန္တရာယ် ထိထိရောက်ရောက် ကာကွယ်နိုင်ခဲ့မှုနဲ့ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေကို ပြည်သူလူထုအားလုံးနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ အစိုးရဝန်ထမ်းတွေရဲ့ စုပေါင်းစွမ်းအားနဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့ရလဒ်ဟာ ထင်ရှားတဲ့ဥပမာတစ်ရပ်ဖြစ်ပြီး အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့တဲ့ စံပြ Model တစ်ခုလို့ဆိုရမှာပဲ ဖြစ်ပါတယ်။

ယခုလည်း ငလျင်သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ချက်ဟန့်တားရန် မဖြစ်နိုင်ခဲ့တဲ့အခြေအနေတွေကြောင့် မြန်မာပြည်သူလူထုအနေနဲ့ မန္တလေးငလျင်ဒဏ်အား ကြုံတွေ့ခဲ့ရပေမယ့် အမြန်ဆုံးပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေကို အစိုးရနဲ့ ပြည်သူ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်မှုအားတွေ၊ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီဖေးမမှုတွေနဲ့အတူ ရှေ့ဆက်လျှောက်လှမ်းနေချိန်ပဲဖြစ်ပါတယ်။ ရှောင်လွှဲလို့မရတဲ့ သဘာဝဘေးအန္တရာယ်တွေကို မိုခါမုန်တိုင်းကြီးအား မြန်မာတို့ရဲ့စိတ်ရင်း၊ မြန်မာတို့ရဲ့စိတ်ဓာတ်တွေနဲ့ပေါင်းစုကာ ကျော်လွှားနိုင်သကဲ့သို့ ယနေ့ မန္တလေးငလျင်ဘေးကြီးကိုလည်း အစိုးရနဲ့ ပြည်သူလူထုအကြား နိုင်ငံရေးပယောဂတွေ မြူမှုန်တစ်စမျှပင် လွှမ်းမိုးသက်ရောက်မခံဘဲ လက်တွဲကျော်ဖြတ် တည်ဆောက်သွားနိုင်ဖို့ လိုအပ်နေချိန်ဖြစ်ပါတယ်။

**အခက်အခဲတွေကြားမှာ...အမြဲရှိတဲ့ အခွင့်အလမ်းတွေ**

ကြီးမားသော အခက်အခဲတွေကြားက ရုန်းထွက်ရင်ဆိုင် ကျော်လွှားနိုင်သူတွေသာ ဝင့်ကြွားနိုင်ကြတာဟာ လောကနိယာမလို့ ဆိုနိုင်ပါတယ်။ ယနေ့ကမ္ဘာပေါ်မှာ နိုင်ငံပေါင်းများစွာဟာ မတူညီသော ဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပြီး ဒီလိုဘေးအန္တရာယ်တွေကို ကြုံတွေ့ရင်ဆိုင်ကြရတဲ့အချိန်တိုင်း ပြည်သူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ပျက်စီးစေရုံသာမက အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားတွေနဲ့ အခြေခံအဆောက်အအုံတွေ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေး စတဲ့ နယ်ပယ်ကဏ္ဍမျိုးစုံ ယိုင်လဲပြိုပျက်မှုတွေ ကြုံခဲ့ရပါတယ်။ သာဓကအနေနဲ့ ကျွန်တော်တို့ရဲ့ အာရှရပ်ဝန်းရှိ ဂျပန်နိုင်ငံဟာ စစ်ဘေး၊ နျူကလီးယားဗုံးဒဏ်နဲ့ ဆူနာမီငလျင်တွေကို တောက်လျှောက်ကြုံတွေ့ ရင်ဆိုင်ခဲ့ကြရပေမယ့် ဂျပန်ပြည်သူတို့ရဲ့ မခံချင်စိတ်၊ ကြိုးစားချင်စိတ်နဲ့ ပြည်သူပြည်သားအားလုံး တစ်စိတ်တစ်ဝမ်းတည်း ရုန်းကန်ချီတက်ခဲ့ကြလို့ ယနေ့ ဂျပန်နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်တဲ့ အနေအထားကိုလည်း အတုယူလေးစားဖွယ်တွေ့မြင်နိုင်ပါတယ်။


> **"ဒီလိုအခက်အခဲတွေကြားကနေ အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးမှာ တည်ငြိမ်အေးချမ်းမှုရှိရန်လိုပြီး တည်ငြိမ်အေးချမ်းမှသာလျှင် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုမိုဖော်ဆောင်နိုင်မှာဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အပစ်အခတ်ရပ်စဲရေးကို အမြော်အမြင်ကြီးစွာ ထုတ်ပြန်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် အစိုးရနဲ့ ပြည်သူတွေအားလုံး အတူလက်တွဲ ရုန်းကန်ထူထောင်ကြရမယ့် ရေရှည်လုပ်ငန်းစဉ်တွေမှာ မည်သည့်အဖျက်အမှောင့် လုပ်ရပ်မျိုးကိုမှ ပြည်သူတွေ မလိုလားကြပါဘူး။ ဒီမြေမှာနေ ဒီရေသောက်နေတဲ့ မြန်မာနိုင်ငံသားတစ်ယောက်လို့ ခံယူတဲ့လူတိုင်း အတူတကွပြန်လည်ရုန်းထကျော်ဖြတ်ကြမယ်ဆိုတဲ့ စိတ်ထားမျိုးတွေနဲ့အတူ သဘာဝဘေးအန္တရာယ်ဆိုးကြီးဒဏ်မှ ပြန်လည်ထူထောင်နိုင်ဖို့ ကျွန်တော်တို့အားလုံး တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ လျှော်ခတ်သွားကြရမှာဖြစ်"**

ယနေ့မြန်မာနိုင်ငံအနေနဲ့လည်း မန္တလေးငလျင်ဘေးဒဏ်ကြီးကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းကြရမှာဖြစ်ပေမယ့် ဆက်စပ်အခွင့်အလမ်းကောင်းများကို ဖန်တီးဆုပ်ကိုင်နိုင်ရေးဟာလည်း မြန်မာနိုင်ငံသားတို့ရဲ့ မလျှော့သောလုံ့လစိတ်ဓာတ်တွေအပေါ်မှာ များစွာမူတည်နေပါတယ်။ မိမိတို့နိုင်ငံအပေါ် ပြည်ပြေး၊ ပြည်ဖျက်အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တို့ရဲ့ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ထိုးနှက်ချက်တွေကြောင့် နိုင်ငံတကာမျက်နှာစာမှာ သတင်းအမှားများစွာနဲ့ မြန်မာနိုင်ငံရဲ့ဓလေ့ စိတ်ရင်းတွေနဲ့ မြန်မာ့တန်ဖိုးတွေ ထိခိုက်ပျောက်ဆုံးနေခဲ့ရပါတယ်။ ယနေ့မြေပြင်မှာ ငလျင်ဘေးဒဏ်ကြောင့် နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတကာအချင်းချင်းအပြန်အလှန်ဆက်ဆံမှုတွေ၊ အဖွဲ့အစည်းတွေနဲ့ အပြန်အလှန်ဆက်ဆံမှုတွေ၊ ကယ်ဆယ်ရေးလုပ်ငန်းခွင်တွေမှာ အပြန်အလှန်ထိတွေ့လုပ်ကိုင်ကြရင်း နိုင်ငံတကာနဲ့ ဆက်ဆံရေးအခွင့်အလမ်းကောင်းတွေ ဆက်လက်တည်ဆောက်သွားနိုင်မှာ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတကာနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆက်သွယ်ရေး အခန်းကဏ္ဍတွေမှသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍတွေအထိ စာနာနားလည်ယုံကြည်မှုတွေနဲ့ ရှေ့ဆက်နိုင်မယ့် အခွင့်အလမ်းများစွာကိုလည်း ဖန်တီးနိုင်မှာဖြစ်ပါတယ်။

ဒီလိုအခက်အခဲတွေကြားကနေ အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ရေးမှာ တည်ငြိမ်အေးချမ်းမှုရှိရန်လိုပြီး တည်ငြိမ်အေးချမ်းမှသာလျှင် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုမိုဖော်ဆောင်နိုင်မှာဖြစ်တာကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အပစ်အခတ်ရပ်စဲရေးကို အမြော်အမြင်ကြီးစွာ ထုတ်ပြန်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် အစိုးရနဲ့ ပြည်သူတွေအားလုံး အတူလက်တွဲရုန်းကန်ထူထောင်ကြရမယ့် ရေရှည်လုပ်ငန်းစဉ်တွေမှာ မည်သည့်အဖျက်အမှောင့်လုပ်ရပ်မျိုးကိုမှ ပြည်သူတွေ မလိုလားကြပါဘူး။ ဒီမြေမှာနေ ဒီရေသောက်နေတဲ့ မြန်မာနိုင်ငံသားတစ်ယောက်လို့ ခံယူတဲ့လူတိုင်း အတူတကွ ပြန်လည်ရုန်းထ ကျော်ဖြတ်ကြမယ်ဆိုတဲ့ စိတ်ထားမျိုးတွေနဲ့အတူ သဘာဝဘေးအန္တရာယ်ဆိုးကြီးဒဏ်မှ ပြန်လည်ထူထောင်နိုင်ဖို့ ကျွန်တော်တို့အားလုံး တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ လှော်ခတ်သွားကြရမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးဟာ သဘာဝဘေးအန္တရာယ်တွေကို နည်းများမဆို ကြုံတွေ့ရင်ဆိုင်ကြရမှာဖြစ်သကဲ့သို့ ၎င်းဘေးအန္တရာယ်အခက်အခဲတွေမှ ပြန်လည်ဦးမော့လာစေရေးဟာလည်း နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ စိတ်ဓာတ်ပြင်းပြမှုနဲ့ အစိုးရရဲ့ ထက်မြက်တဲ့ဦးဆောင်မှု၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့တစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ယနေ့ မန္တလေးငလျင်ကြီးနဲ့ပတ်သက်သော ရေရှည်တည်တံ့တဲ့ ပြန်လည်ထူထောင်ရေး (Sustainable and long-term recovery after earthquake) လုပ်ငန်းစဉ်များကို အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုနဲ့ နိုင်ငံတကာမိတ်ဆွေတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့အတူ တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ မန္တလေးငလျင်ကြီးဟာ မြန်မာနိုင်ငံရဲ့ မြေထုလွှာကို လှုပ်ခတ်ကွဲအက် ပိုင်းခြားလိုက်သကဲ့သို့ မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေနဲ့ ကိုယ်ခံစွမ်းအားတွေကို ရုန်းကြွမြင့်တက်လာစေမှုနဲ့အတူ ယနေ့ငလျင်ဘေးဒဏ်ကြီး ပြန်လည်ထူထောင်ရေးမှသည် အေးချမ်းသာယာဝပြောသော အနာဂတ်ဆီသို့ တစ်မျိုးသားလုံးရဲ့ စုပေါင်းအားမာန်တွေနဲ့အတူ လက်တွဲညီညီလျှောက်လှမ်းကြပါစို့လို့ ဆန္ဒပြုရင်း...။ ။






# မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၇

မန္တလေးငလျင်ကြီးကြောင့်အဖြေလွှာများပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီနယ်မြေ တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇွန်လ ၁၆ ရက်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအကြား မျှတမှုရှိစေရေးအတွက် အဖြေလွှာများပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုစေခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကချင်ပြည်နယ်များတွင် ဘာသာစုံဖြေဆိုထားသော ကျောင်းသား ကျောင်းသူပေါင်း ၆၃၀၀၀ ခန့်ရှိကြောင်း၊ ထိုကျောင်းသား ကျောင်းသူများအတွက် လိုအပ်သောပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်များ၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည့်ကျောင်းသုံးပစ္စည်းများနှင့် လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်ပေးရန် အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် သတ်မှတ်ထားသောကျောင်းများတွင် တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက လာရောက်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အခြေခံပညာ ဆရာ ဆရာမများက ဆက်လက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သင်ကြားမည့်ကျောင်း၊ ဆရာ ဆရာမစာရင်း၊ အချိန်ဇယားနှင့် သင်ခန်းစာများကို သေချာစွာ ပြင်ဆင်ထားရှိရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းသား ကျောင်းသူများအတွက် သတ်မှတ်ထားသော ကျောင်းများ၊ စခန်းများတွင် သောက်ရေ၊ သုံးရေလုံလောက်စွာရရှိရေးနှင့် သန့်စင်ခန်းများ အဆင်ပြေစေရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဆောင်ရွက်နေမှုများနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံနေသည့်တိုးဂိတ်များနှင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ရှိ ပန်းတင်မီနီတိုးဂိတ်၊ ပေပင်လေးမီနီတိုးဂိတ်နှင့် သီးကုန်းတိုးဂိတ်တို့မှ နေ့စဉ် လမ်းအသုံးပြုခ ကောက်ခံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း) ကွဲတပ်ဆုံရှိ BOT စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက မိတ္ထီလာ-တောင်ကြီးလမ်းပိုင်း လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လမ်းပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲစေရေး၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(မိတ္ထီလာ- တောင်ကြီးလမ်းပိုင်း) မိုင်တိုင်အမှတ် ၃၈/၃ မှ ၃၈/၄ ကြား လမ်းအနိမ့်အမြင့်ညှိကတ္တရာရေပိတ်လွှာ လောင်းနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၂/၃ မှ ၄၂/၄ ကြား ကွန်ကရစ်ခင်းနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၄/၅ မှ ၄၄/၆ ကြား ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၄၇/၂ မှ ၄၇/၃ ကြား မြစ်ဆုံကွေ့တွင်ရေတိုက်စားခြင်းကြောင့် ကမ်းပါးပြိုကျမှု မရှိစေရေးနှင့် ယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် မြေထိန်းနံရံနှင့် Guard wall တည်ဆောက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၅၂/၂ မှ ၅၂/၃ ကြား ကတ္တရာကွန်ကရစ်ခင်းနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၆၅/၇ မှ ၆၆/၀ ကြား System Terramesh ဖြင့် မြေထိန်းနံရံတည်ဆောက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးခရိုင် အေးသာယာမြို့အနီးမှ တောင်လေးလုံးကျေးရွာအနီး (မိုင်တိုင်အမှတ် ၁၀၂/၂ နှင့် ၁၀၂/၃ ကြား)သို့ ရွှေ့ပြောင်း တည်ဆောက်ထားသည့် BOT စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံလျက်ရှိသော တိုးဂိတ်နေရာအသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုခရိုင် လူထုအခြေပြုဗဟိုဌာန၌ ရွှေဘိုသွေး စာဖတ်ဝိုင်းကျင်းပ

ရွှေဘို မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်း၍ ရွှေဘိုသွေးစာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ရွှေဘိုမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာအောင်ဘုန်းညိုက စာဖတ်ခြင်းဟာ လူငယ်တွေရဲ့အတွေးအမြင်နဲ့ ဘဝကို ပိုမိုကျယ်ပြန့်စေကြောင်း၊ စာဖတ်ခြင်းဟာ လူတွေရဲ့နှလုံးသားကို နွေးထွေးစေပြီး အမှန်တရားဆီဦးတည်စေတဲ့ လမ်းပြမီးအိမ်တစ်ခုဖြစ်ကြောင်းနှင့် စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူများအသင်းမှ ဆရာမ ယဉ်မင်းဟန်(ရွှေဘို) ရေးသားသော “ချစ်စရာနှုတ်ဖျားက သစ္စာစကားဆိုကြစို့” ဝတ္ထုတိုပါအကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေဘိုခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပြည်သူများ အသိဉာဏ်ပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် မျိုးဆက်သစ်လူငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာဖတ်ဝိုင်းများနှင့် အသိပညာပေး ဆွေးနွေးပွဲများကို လစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# လေ့ကျင့်သင်ကြားရေးစခန်းတွေ ဖွင့်လှစ်ပြီး သင်ကြားရေး ဆရာ ဆရာမတွေနဲ့ Revision သင်ကြားခြင်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေက ဘာသာရပ်တွေကို Short to the point သင်ကြားပို့ချပေးမှာဖြစ်ပြီး ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေကတော့ လေ့ကျင့်သင်ကြားလမ်းညွှန်ပေးမှာဖြစ်ပါတယ်

ဒေါက်တာ ခင်သီတာ

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများမီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး / ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားခဲ့ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လေ့ကျင့်သင်ကြားရေးစခန်းများဖွင့်လှစ်၍ Revision Class ပုံစံဖြင့် အနီးကပ်သင်ကြားပို့ချပေးမည့်အစီအစဉ်များ၊ ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်အစီအစဉ်များ၊ စခန်းများသို့ မလာရောက်နိုင်သည့် ကျောင်းသား ကျောင်းသူများအတွက် Online Class များဖြင့် သင်ကြားပေးမည့်အစီအစဉ်များ၊ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးသွားမည့်အစီအစဉ်များနှင့် ကျောင်းသား ကျောင်းသူများအားလုံး တရားမျှတစွာဖြင့် စိတ်အေးချမ်းစွာ စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးသွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများသိရှိနိုင်ရန် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်–


ဒေါက်တာ ခင်သီတာ


ဒေါက်တာ ချောချောစိန်


ဒေါက်တာ ဦးအောင်ထိုက်

**ဒေါက်တာခင်သီတာ (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန)**

Grade – 12 စာမေးပွဲ ဖြေဆိုဖို့အတွက် နိုင်ငံတော်က ရက်သတ်မှတ်ပေးထားပြီး လုံလောက်တဲ့ပြင်ဆင်ချိန်ရရှိစေဖို့ကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ လေ့ကျင့်သင်ကြားရေးစခန်းတွေ ဖွင့်လှစ်ပြီး သင်ကြားရေးဆရာ ဆရာမတွေနဲ့ Revision သင်ကြားခြင်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေက ဘာသာရပ်တွေကို Short to the point သင်ကြားပို့ချပေးမှာဖြစ်ပြီး ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေကတော့ လေ့ကျင့်သင်ကြားလမ်းညွှန်ပေးမှာဖြစ်ပါတယ်။ စာမေးပွဲ ပြန်လည်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ Camp သဘောမျိုးထားပြီး Revision Class တွေနဲ့ အနီးကပ်သင်ကြားပေးမှာဖြစ်ပါတယ်။ နောက်ပြီး သောက်ရေ၊ သုံးရေ၊ ချိုးရေကအစ နေထိုင်စားသောက်ရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဝတ်ဆင်ဖို့ အဝတ်အစားတွေပါ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး လာရောက်သင်ကြားပို့ချပေးတဲ့ တက္ကသိုလ်အသီးသီးက ပါမောက္ခတွေ၊ လေ့ကျင့်သင်ကြားပေးတဲ့ ဆရာ ဆရာမတွေ အတွက်လည်း စားသောက်နေထိုင်ရေးကအစ တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ သင်ကြားသင်ယူသူ ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ လုံခြုံရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ အုပ်ချုပ်မှုကိစ္စရပ်တွေကို သက်ဆိုင်ရာ အစိုးရအဖွဲ့တွေက စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စာမေးပွဲဖြေချိန်မှာ စနစ်တကျဖြစ်စေရေးနဲ့ သမာသမတ်ရှိဖို့အတွက်လည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အွန်လိုင်းကနေ လေ့လာသင်ယူဖို့ စီစဉ်ပေးထားပါတယ်။ ဥပမာအနေနဲ့ ဆေးရုံတက်ရောက်ကုသမှုခံယူနေရတဲ့ ကလေးတစ်ယောက်ကို အွန်လိုင်းကနေ သင်ခန်းစာတွေကို လေ့လာနိုင်ဖို့ စီစဉ်ပေးမှာဖြစ်ပါတယ်။ မိဘတွေအနေနဲ့ ငွေကြေးအခက်အခဲကြောင့် ပြန်ပြီးစာမေးပွဲဖြေဆိုဖို့ မဖြစ်နိုင်ဘူးဆိုတာမျိုး မရှိရလေအောင် စာစစ်ဌာနအလိုက် Camp လေ့ကျင့်သင်ကြားရေးစခန်းတွေ ပြုလုပ်ပေးပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး Education Channel ကနေလည်း ပြန်လည်လေ့လာဖို့ သင်ခန်းစာတွေ ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး အခကြေးငွေ (လုံးဝ) ပေးစရာမလိုဘဲ အွန်လိုင်းမှ တစ်ဆင့်တက်ရောက်နိုင်ဖို့စီစဉ်ထားပါတယ်။ပုဂ္ဂလိကကျောင်းတွေရဲ့ Youtube Channel၊ Telegram မှာ ဖြန့်ဝေထားတဲ့ ပညာဒါနအတန်းတွေမှာလည်းလေ့လာနိုင်မှာဖြစ်ပါတယ်။ စာမေးပွဲဟာလည်း ဖြေဆိုထားတာ မကြာသေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ခန်းစာတွေကို ပြန်လည်ဖြေဆိုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရည်မှန်းချက်ကြီးမားပြီး ဂုဏ်ထူးမှန်းထားတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ စာမေးပွဲပြန်ဖြေဖို့ စိတ်အားထက်သန်လျက်ရှိနေကြတာကို တွေ့ရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ စာမေးပွဲပြန်လည်ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေကို ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံကအစ သင်ကြားမှုအထောက်အကူပြုပစ္စည်းတွေကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး သင်ခန်းစာနဲ့သက်ဆိုင်တဲ့ အထောက်အကူပြု သင်ခန်းစာစာရွက်စာတမ်းတွေ လိုအပ်လို့ရှိရင်လည်း ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ စာမေးပွဲပြန်လည်စစ်ဆေးခြင်းဟာ တရားမျှတစေဖို့ လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုပြီး အောင်မြင်မှုရရှိခြင်းဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရရှိစေပြီးတော့ ကိုယ့်ရဲ့ဂုဏ်သိက္ခာနဲ့ အခြားသူတွေအတွက် မျှတမှုကို လုပ်ဆောင်နိုင်စေမှာပဲဖြစ်ပါတယ်။

ဧပြီလ ၂၈ ရက်နေ့က စတင်ပြီး မေလ ၂ ရက်နေ့အထိ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ ကျောင်းသား ကျောင်းသူတွေကို လက်ခံသင်ကြားပေးတော့မှာဖြစ်ပါတယ်။ စာမေးပွဲအတွက် လုံလောက်တဲ့ပြင်ဆင်ချိန်ကို ရက်ပေါင်း ၅၀ ပေးထားပါတယ်။ ဒီရက်ပေါင်း ၅၀ အချိန်ပေးထားခြင်းဟာ အခြားဒေသက ကလေးတွေနဲ့အတူတူ အောင်စာရင်းတွေကို တစ်ပြေးညီထုတ်ပြန်မှာဖြစ်တဲ့အတွက်ကြောင့်ရယ်၊ တက္ကသိုလ်တွေကို အတူတူတက်ရောက်စေချင်လို့ ဒီအချိန်အပိုင်းအခြားကို သတ်မှတ်ပေးထားခြင်းဖြစ်ပါတယ်။ စာမေးပွဲပြန်လည်ဖြေဆိုမယ့် ကလေးတွေကို လိုအပ်ချက်မရှိအောင် စောင့်ရှောက်ပေးသွားမှာဖြစ်ပါတယ်။ မိဘတွေက ယုံယုံကြည်ကြည်နဲ့ မိမိတို့သားသမီးတွေကို Camp တွေဆီ လွှတ်ပေးပြီး သင်ကြားပို့ချပေးမယ့် ဆရာ ဆရာမတွေနဲ့ တစ်သွေးတည်းတစ်သားတည်းနေထိုင်ကာ ပြန်လည်ဖြေဆိုကြမယ်ဆိုရင် အောင်မြင်မှုတွေ မလွဲမသွေရရှိလာမှာပဲဖြစ်ပါတယ်။ ဒီအချိန်ကာလမှာ စိတ်ဖိစီးမှုတွေနဲ့ စာမေးပွဲပြန်မဖြေချင်ဘူးဆိုတာလည်း ကျွန်မတို့နားလည်ပါတယ်။ ဒါပေမဲ့ ဘေးအန္တရာယ်နဲ့ ကြုံတွေ့လာရတဲ့အချိန်မှာ အခက်အခဲမျိုးစုံကို ကျွန်မတို့တွေကျော်ဖြတ်နိုင်ဖို့လိုပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုယ့်ရဲ့အနာဂတ်ကို ဆုံးဖြတ်ပေးမယ့်၊ မိမိကိုယ်ကိုယုံကြည်မှုကို တည်ဆောက်ပေးနိုင်မယ့် ဒီစာမေးပွဲကို ပြန်လည်ဖြေဆိုကြပါလို့ တိုက်တွန်းလိုပါတယ်။ ကျောင်းသား၊ မိဘ၊ ဆရာ အားလုံး စုစည်းညီညွတ်စွာ ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီမှုတွေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ပျော်ပျော်ရွှင်ရွှင် ပြန်လည်ဖြေဆိုကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

**ဒေါက်တာ ချောချောစိန် (ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန)**

အခုဆိုရင် မန္တလေးငလျင်ကြီးကြောင့် Grade– 12 စာမေးပွဲ ပြန်လည်ဖြေဆိုရမှာကိုလည်း ဝန်ကြီးဌာနကနေ ကြေညာထားပြီးဖြစ်ပါတယ်။ အခုလို စာမေးပွဲတွေ ပြန်လည်စစ်ဆေးရတဲ့ ရည်ရွယ်ချက်ကတော့ မျှတမှုဖြစ်စေဖို့ ဂုဏ်သိက္ခာရှိဖို့နဲ့ Academic Career ကို အထောက်အကူပြုဖို့ပဲ ဖြစ်ပါတယ်။ ပထမတစ်ချက်ဖြစ်တဲ့ မျှတမှုဖြစ်စေဖို့ဆိုတာက ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှာ ဖြေဆိုခဲ့တဲ့ ကျောင်းသားကျောင်းသူတွေ အများကြီးရှိပါတယ်။ ဒီထဲမှာ အရည်အချင်းတွေ တစ်ယောက်နဲ့ တစ်ယောက်မတူကြပါဘူး။ စာမေးပွဲအောင်ဖို့အတွက်ကို သိပ်ပြီးအခွင့်အလမ်းမရှိတဲ့သူတွေလည်း ရှိမယ်။ အလားတူ ရန်ကုန်တိုင်းဒေသကြီးလိုပဲ မန္တလေးတိုင်းဒေသကြီးမှာလည်း မဖြေဆိုနိုင်တဲ့သူတွေလည်းရှိမယ်။ မန္တလေးတိုင်းဒေသကြီးက ကျောင်းသား ကျောင်းသူတွေကို အအောင်ပေးလိုက်မယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးက ကျောင်းသား ကျောင်းသူတွေအတွက် တရားမျှတမှုမရှိသလို ဖြစ်သွားပါမယ်။ နောက်ပြီး မြန်မာတစ်နိုင်ငံလုံးမှာ ကြိုးစားအားထုတ်ပြီးတော့ One to Ten ထဲမှာ ဝင်ချင်တဲ့သူတွေလည်းရှိတယ်။ သူတို့ကိုလည်း ဒီလိုပဲ ရိုးရိုးအောင်သွားမယ်ဆိုရင် အဆင်ပြေပါ့မလားဆိုတာလည်းရှိပါတယ်။ ဒါကြောင့် တရားမျှတမှုရှိစေဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ စာမေးပွဲပြန်ဖြေဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ဂုဏ်သိက္ခာရှိဖို့ဆိုတာက မန္တလေးငလျင်ကြောင့် အကုန်အအောင်ပေးလိုက်တယ် ဆိုပါစို့။ ဒါဆိုအကုန်အအောင်ပေးလိုက်တဲ့ခေတ်မှာ အောင်လာကြတဲ့ ကျောင်းသား ကျောင်းသူတွေဆိုပြီး တချို့က ပြောလာကြမှာဖြစ်ပါတယ်။ ဒီလိုအပြောခံနိုင်ပါ့မလားဆိုတာလည်း စဉ်းစားကြရပါတယ်။ ဘာပဲပြောပြော ကျောင်းသား ကျောင်းသူတွေအားလုံးဟာ ကိုယ့်ရဲ့မာန်မာနလေးတွေ၊ ကြိုးစားအားထုတ်မှုလေးတွေကိုတော့ ပြချင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဂုဏ်သိက္ခာရှိဖို့အတွက် စာမေးပွဲကို ပြန်လည်ကျင်းပခြင်းလည်း ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ဖြစ်တဲ့ Academic Career ဆိုတာကလည်း အရေးကြီးပါတယ်။ Grade –12 ဆိုတာက ကျန်တဲ့အတန်းတွေနဲ့မတူပါဘူး။ တက္ကသိုလ်ရဲ့ ဝင်ခွင့်အောင်လက်မှတ်တစ်ခု ဖြစ်ပါတယ်။ နောက်ပြီး ပြည်တွင်းတက္ကသိုလ်တင်သာမက နိုင်ငံတကာတက္ကသိုလ်တွေကို သွားမယ်ဆိုရင်လည်း Grade –12 က GCE O Level နဲ့တူညီပါတယ်။ နိုင်ငံတကာရဲ့ဝင်ခွင့်တွေကို လျှောက်တဲ့အခါမှာလည်း ကိုယ့်ရဲ့Performance တွေကို ပြဖို့လိုအပ်ပါတယ်။ အားလုံးကို စာမေးပွဲမဖြေခိုင်းတော့ဘူးဆိုရင် သူတို့ရဲ့ Grading ကို ဘယ်လိုသတ်မှတ်မလဲ။ Validity နဲ့ Recognition ကို ဘယ်လိုအသိအမှတ်ပြုရမလဲဆိုတာတွေလည်း ရှိနေတဲ့အတွက် စာမေးပွဲကို ပြန်လည်ကျင်းပပေးခြင်းဖြစ်ပါတယ်။ တခြားနိုင်ငံမှာလည်း ဒီလိုဖြစ်စဉ်မျိုးရှိခဲ့ပါတယ်။ ဥပမာအားဖြင့် ၂၀၁၆ခုနှစ်မှာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်မှာ Johart ကျောင်း မီးလောင်မှုဖြစ်ခဲ့ပါတယ်။ ဒီလိုမီးလောင်မှုဖြစ်စဉ်ကြောင့် ကျောင်းသား ကျောင်းသူတွေ စာမေးပွဲပြန်လည်ဖြေကြားခဲ့ရမှုရှိခဲ့ပါတယ်။ ဂျပန်နိုင်ငံမှာလည်း ဒီလိုဖြစ်စဉ်တွေရှိခဲ့ပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကတော့ ဖြစ်စဉ်တွေမတူပါဘူး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်နေပါစေ သက်ဆိုင်ရာ နိုင်ငံအသီးသီးရဲ့ တာဝန်ရှိတဲ့သူတွေအားလုံးအနေနဲ့ ကျောင်းသား ကျောင်းသူတွေ စာမေးပွဲဖြေဆိုနိုင်အောင် အကောင်းဆုံး စီစဉ်ဆောင်ရွက်ကြရတာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ကလေးတွေ စာမေးပွဲပြန်လည်ဖြေဆိုရမယ့်အခါမှာ ပညာရေးဝန်ကြီးဌာနရော နိုင်ငံတော်ကပါ ကလေးတွေအတွက် အစစအရာရာ ပံ့ပိုးကူညီပေးမှာ ဖြစ်ပါတယ်။ ကလေးတွေအားလုံးအနေနဲ့ စာမေးပွဲကို ပြန်လည်ဖြေဆိုကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီငလျင်ဒဏ်ဟာ ဘယ်လိုမှ မမျှော်လင့်တဲ့ စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စိန်ခေါ်မှုမှသည် အခွင့်အလမ်းတစ်ခုကို ရအောင်သွားလို့ရပါတယ်။ ကိုယ့်ရဲ့စိတ်ခွန်အားကြံ့ခိုင်မှုဆိုတာကို အားလုံးပြသနိုင်တဲ့ အခွင့်အလမ်းတစ်ခုရှိတယ်။ နောက်ပြီး ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုကို အားလုံးကိုသက်သေပြနိုင်မယ်။ နောက်ဆုံးအနေနဲ့ မိမိရဲ့အနာဂတ်အိပ်မက်ကို သူများထက်နှစ်ဆ ကြိုးစားနိုင်တယ်ဆိုတာကို မြန်မာနိုင်ငံမှာတင်မက ကမ္ဘာကိုပါ ပြသနိုင်တဲ့ ကျောင်းသား ကျောင်းသူတွေဖြစ်ကြမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲပြန်လည်ဖြေဆိုကြဖို့ တိုက်တွန်းလိုက်ပါတယ်။

**ဦးအောင်ထိုက် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)**

ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူတွေရဲ့ ဖြေဆိုနိုင်မှုရမှတ်အပေါ် မူတည်ပြီး တက္ကသိုလ်ဝင်ခွင့်ကို စိစစ်ရွေးချယ်တာဖြစ်ပါတယ်။ ဒီလိုရွေးချယ်တဲ့အခါမှာလည်း တိကျမှန်ကန်ပြီး တရားမျှတမှုရှိဖို့လည်း အရေးကြီးပါတယ်။ နောက်ပြီး မြန်မာနိုင်ငံက တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်နဲ့ အမှတ်စာရင်းတွေက နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့်တွေ၊ အလုပ်တွေလျှောက်ထားတဲ့အခါမှာ လိုအပ်ပါတယ်။ မြန်မာနိုင်ငံက တက္ကသိုလ်ဝင် အောင်လက်မှတ်တွေနဲ့ နိုင်ငံတကာ တက္ကသိုလ်တွေမှာ တက်ရောက်နေတဲ့ မြန်မာနိုင်ငံက ကျောင်းသားတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျင်းပရတဲ့ နိုင်ငံတော်အဆင့်စာမေးပွဲတွေကို တရားမျှတပြီးတော့ စနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ၁၉၇၁ ခုနှစ်က စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အခုပြန်လည်ဖြေဆိုမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူ ၆၃၀၀၀ ကျော် ဝင်ရောက်ဖြေဆိုသွားမှာဖြစ်ပြီး စာစစ်ဌာန ၂၀၀ နီးပါး စီစဉ်ထားပါတယ်။ အရင် မတ်လကဖြေဆိုခဲ့တဲ့ စာမေးပွဲအောင်စာရင်းနဲ့ အခုပြန်လည်ဖြေဆိုရမယ့် စာမေးပွဲအောင်စာရင်းကို တစ်ပြိုင်တည်း တစ်ချိန်တည်း ကြေညာဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တရားမျှတပြီး တိကျမှန်ကန်စွာနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ပြီး ပညာရေးကို မြှင့်တင်ဖို့ဆိုတဲ့ ရည်မှန်းချက်ရှိပါတယ်။ အဲဒီရည်မှန်းချက်တွေနဲ့အတူ တက္ကသိုလ်ဝင်စာမေးပွဲရဲ့ အရည်အသွေးနဲ့ အသိအမှတ်ပြုခံရမှုအပေါ် တိကျခိုင်မာမှုရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း– အောင်ရဲသွင်၊ ကျော်စွာဝင်း**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**

# တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာသင်တန်း-သင့်အောင်မြင်မှုအတွက် ရွေးချယ်လိုက်သောခြေလှမ်း

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများကို အခြေခံသော ကျေးလက်ဗဟိုပြုစီးပွားရေးစနစ်ရှိသည့် နိုင်ငံဖြစ်ပြီး နိုင်ငံသားအားလုံး စားရေရိက္ခာဖူလုံရေးသည် အရေးပါလှပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၄) ရပ်ပါ "စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု နည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဆိုသည့် ဦးတည်ချက်နှင့်အညီ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။


အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းနှင့် သုတေသနစင်တာ (၁၉၂၅ ခုနှစ်)။

မွေးမြူရေးနှင့်အသားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးသည့် တိရစ္ဆာန်ဆေးကုပညာရှင်များနှင့် မွေးမြူရေးပညာရှင်များသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများမှသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကြီးများအထိ ကျွမ်းကျင်ပညာရှင်များအဖြစ် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် နိုင်ငံတော်၏ အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များတိုးမြှင့်ပေးနိုင်ရန် တိရစ္ဆာန်မွေးမြူရေး၊ ကျန်းမာရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကာလတိုနှင့် ကာလရှည်သင်တန်းများပေးခြင်းကို နှစ်စဉ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထူးခြားမှုမှာ ၂၀၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ တစ်နှစ်သင်တန်းဖြစ်သည်။ မြန်မာနိုင်ငံ၏ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုများကို မြေပြင်အရောက် ပံ့ပိုးပေးနိုင်ရန်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်တင်းနိုင်ရန်နှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကျေးလက်ဒေသ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးများ ဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ တိရစ္ဆာန်ဆေးပညာသမိုင်းကို ပြန်ကြည့်လျှင် တိရစ္ဆာန်ဆေးကုပညာရပ်သည် မြန်မာ့ရှေးနန်းရှင်များ လက်ထက်ကတည်းကတည်ရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂-၁၈၅၃) အပြီး ၁၈၇၀ ပြည့်နှစ်ဝန်းကျင်တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို စနစ်တကျအကောင်အထည်ဖော်ခဲ့သည်။ ဤဖြစ်စဉ်သည် မြန်မာနိုင်ငံသို့ ခေတ်မီတိရစ္ဆာန်ဆေးပညာစတင်ဝင်ရောက်လာခြင်းဖြစ်ကြောင်း မှတ်တမ်းဝင်ခဲ့သည်။ ၁၈၇၆ ခုနှစ် မတ်လ ၁ ရက်နေ့တွင် တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်သည့် ဒေါက်တာဖရော့စ် (Dr. Frost) ဆိုသူက ရန်ကုန်မြို့ ပြည်လမ်း ဘူတာရုံအနီးတွင် တိရစ္ဆာန်ဆေးကုသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော တိရစ္ဆာန်ဆေးကုဌာနခွဲ (Civil Veterinary Department of Burma) ကို ဖွဲ့စည်းပေးပြီး အိန္ဒိယမှ ညွှန်ကြားရေးမှူးချုပ်ကတာဝန်ယူအုပ်ချုပ်သည်။ ၁၉၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဘုရင်ခံဆာဟာကုတ်ဘတ္တလာက အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းနှင့် သုတေသနစင်တာ "Veterinary College and Research Institute" ၏ ပင်မအဆောက်အအုံကို အုတ်မြစ်ချပေးခဲ့သည်။ ကိုလိုနီခေတ်အဆောက်အအုံအမျိုးအစားဖြစ်ပြီး အင်္ဂလိပ်အက္ခရာ (E) ပုံစံဆောက်လုပ်ထားပါသည်။ သင်တန်းများကို ဒုတိယကမ္ဘာစစ်ပြီးကာလများမှာလည်း ဆက်လက် ဖွင့်လှစ်ခဲ့သည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလကုန်တွင် (၂၁) ကြိမ်မြောက်ဖွင့်လှစ်ခဲ့သော တိရစ္ဆာန်ဆေးကုသိပ္ပံသင်တန်းပြီးဆုံးပြီးနောက် တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းကို ပိတ်သိမ်းလိုက်သည်။ ၁၉၅၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိရစ္ဆာန်ဆေးပညာကို တက္ကသိုလ်ပညာရေးအဖြစ် သင်ကြားနိုင်ရေးအတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်၏ မဟာဌာနခွဲ တစ်ခုအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် "တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်" Institute of Animal Husbandry and Veterinary Science (IAHVS) အမည်ဖြင့် သီးခြားတက္ကသိုလ်တစ်ခုအဖြစ်ဖွင့်လှစ်ကာ အင်းစိန်သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းသို့ ပြောင်းရွှေ့သင်ကြားစေခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် တက္ကသိုလ်အမည်ကို "မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်" (University of Veterinary Science) ဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ သင်တန်းကျောင်းကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၄ ခုနှစ် မေလ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းကာလမှာတစ်နှစ်ဖြစ်ပြီး သင်တန်းအမှတ်စဉ် (၁) တွင် သင်တန်းသား ၆၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

ဤသင်တန်းသည် မြန်မာနိုင်ငံ၏စိုက်ပျိုးရေး-မွေးမြူရေးနှင့် စီးပွားရေးကို ပိုမိုအားကောင်းစေရန်အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးကိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် သင်တန်းတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော အခြေခံပညာရပ်များကို သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါဘာသာရပ်များမှာ-

**(က) ခန္ဓာဗေဒ(Anatomy)**

ခန္ဓာဗေဒ (Anatomy) ဆိုသည်မှာ တိရစ္ဆာန်များ၏ ကိုယ်တွင်း၊ ကိုယ်ပြင်ဖွဲ့စည်းပုံကို လေ့လာသင်ယူခြင်းဖြစ်ကာ ဆေးပညာ၊ ဇီဝဗေဒနှင့် ကျန်းမာရေးသိပ္ပံတို့အတွက် အခြေခံအရေးကြီးသော ဘာသာရပ်ဖြစ်ပါသည်။

**(ခ) ဇီဝကမ္မဗေဒ(Physiology)**

ဇီဝကမ္မဗေဒ (Physiology) ဆိုသည်မှာ သက်ရှိသတ္တဝါများ၏ လုပ်ငန်းဆောင်တာများ (Func-tions) နှင့် ဇီဝဖြစ်စဉ်များ (Biological Processes) ကိုလေ့လာသည့် ပညာရပ်ဖြစ်ပါသည်။ ခန္ဓာဗေဒ (Anatomy) သည် ကိုယ်တွင်းအင်္ဂါများ၏ ဖွဲ့စည်းပုံကိုလေ့လာပြီး ဇီဝကမ္မဗေဒသည် အဆိုပါကိုယ်တွင်းအင်္ဂါများ၏ လုပ်ဆောင်ချက်ကို ရှင်းလင်းပြသပေးပါသည်။

**(ဂ) မွေးမြူရေးသိပ္ပံပညာ**
**(Animal Husbandry Science)**

မွေးမြူရေးသိပ္ပံပညာသည် တိရစ္ဆာန်များကို စနစ်တကျမွေးမြူခြင်း၊ မွေးမြူရေးစီမံခန့်ခွဲမှု (Livestock Management)နှင့် မျိုးပွားခြင်းဆိုင်ရာများ၊ ထုတ်လုပ်မှုများ (Animal Products) ကို သိပ္ပံနည်းကျလေ့လာသည့် ပညာရပ်ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းများ (ဥပမာ – နို့စားနွား၊ နို့စားကျွဲ၊ ခိုင်းကျွဲနွား၊ ကြက်၊ ဝက်၊ သိုး၊ ဆိတ်) ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ပါသည်။ မွေးမြူရေးသိပ္ပံသည် စိုက်ပျိုးရေး၊ ဇီဝနည်းပညာ၊ စီးပွားရေးတို့နှင့် ဆက်စပ်နေသော ပညာရပ်ဖြစ်ပြီး ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့်အတူ အရေးပါလာသည့် နယ်ပယ်တစ်ခုဖြစ်ပါသည်။

**(ဃ)အာဟာရဗေဒ(Nutrition Science)**

အာဟာရဗေဒ (Nutrition Science) ဆိုသည်မှာ အစာအာဟာရများ၏ ဖွဲ့စည်းပုံ၊ ဇီဝကမ္မဖြစ်စဉ်များနှင့် လူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများကို သိပ္ပံနည်းကျ လေ့လာသည့် ဘာသာရပ်ဖြစ်ပါသည်။

**(င) မေထုန်မဲ့သားစပ်ပညာ**
**(Artificial insemination – AI)**

မေထုန်မဲ့သားစပ်ပညာဆိုသည်မှာ သဘာဝအတိုင်းမဟုတ်ဘဲ နည်းပညာအကူအညီဖြင့် သားအောင်စေသော နည်းလမ်းဖြစ်ပါသည်။ မေထုန်မဲ့သားစပ်ပညာသည် မွေးမြူရေးလုပ်ငန်းကို ခေတ်မီတိုးတက်စေပြီး တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ တိုးပွားစေကာ စီးပွားရေးအရလည်း အထောက်အကူဖြစ်စေပါသည်။

**(စ) တိရစ္ဆာန်မျိုးပွားဗေဒပညာရပ်**
**(Veterinary obstetrics and Theriogenology )**

တိရစ္ဆာန်များ၏ မျိုးပွားမှုဆိုင်ရာ ဆေးပညာဘာသာရပ်ဖြစ်ပြီး မျိုးပွားဇီဝဗေဒ (reproductive biology) ၏ လုပ်ငန်းစဉ်များ၊ တိရစ္ဆာန်များ၏ မျိုးပွားကျန်းမာရေး (Reproductive Health)၊ တိရစ္ဆာန်များ၏ ကိုယ်ဝန်ဆောင်ခြင်း (Gestation in Animals)၊ တိရစ္ဆာန်သားဖွားပညာ (veterinary obstetrics)၊ မွေးကင်းစတိရစ္ဆာန်ငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု (neonatology) နှင့် မျိုးပွားစနစ်ဆိုင်ရာရောဂါများ (Reproductive System Disorders) ကို လေ့လာသည့်ဘာသာရပ်ဖြစ်ပါသည်။ တိရစ္ဆာန်မျိုးပွားဗေဒပညာရပ်သည် တိရစ္ဆာန်များ၏ မျိုးအောင်နိုင်စွမ်း (Fertility) ကို မြှင့်တင်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းများအတွက် အရေးပါသော ပညာရပ်တစ်ခုဖြစ်သည်။

**(ဆ) အဏုဇီဝဗေဒ**
**(General Veterinary Microbiology)**

အဏုဇီဝဗေဒဆိုသည်မှာ မျက်စိဖြင့် မမြင်နိုင်သော အဏုကြည့်မှန်ပြောင်းဖြင့်သာ မြင်နိုင်သည့် သက်ရှိများ (Microorganisms) နှင့် ပတ်သက်သည့် လေ့လာမှုဘာသာရပ်ဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ အဏုဇီဝဗေဒတွင် တိရစ္ဆာန်များတွင် ရောဂါဖြစ်စေသော အဏုဇီဝသက်ရှိများ၊ ၎င်းတို့၏ ဇီဝကမ္မဖြစ်စဉ်များနှင့် ကာကွယ်ကုသရေးနည်းလမ်းများကို အဓိကလေ့လာပါသည်။

**(ဇ) ကပ်ပါးဗေဒ((Basic Veterinary Parasitology)**

ကပ်ပါးဗေဒသည် တိရစ္ဆာန်များတွင် ကပ်ပါးပိုးမွှားများကြောင့်ဖြစ်သော ရောဂါများကို လေ့လာသည့် ပညာရပ်ဖြစ်ပါသည်။ ဤပညာရပ်တွင် ကပ်ပါးကောင်အမျိုးအစား၊ ၎င်းတို့၏ ဘဝသံသရာ၊ ရောဂါလက္ခဏာများနှင့် ကုသကာကွယ်နည်းများကို အဓိကထည့်သွင်းလေ့လာပါသည်။

စာမျက်နှာ ၁၁ သို့ ❂

❂ စာမျက်နှာ ၁၀ မှ

**(ဈ) ရောဂါဗေဒ(Basic Veterinary Pathology)**

ရောဂါဗေဒ (Veterinary Pathology)ဆိုသည်မှာ တိရစ္ဆာန်များတွင် တွေ့ရှိရသော ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများ (Etiology)၊ တစ်သျှူးနှင့် အင်္ဂါအစိတ်အပိုင်းများတွင် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများ (Morphological changes)၊ ရောဂါဖြစ်စဉ် (Pathogenesis) နှင့် ရောဂါရှာဖွေခြင်းနည်းလမ်းများ (Diagnostic Methods) ကို လေ့လာသည့်ပညာရပ်ဖြစ်သည်။ တိရစ္ဆာန်ဆေးကုပညာတွင် ရောဂါဗေဒသည် ရောဂါရှာဖွေခြင်း၊ ရောဂါအမည်တပ်နိုင်ခြင်း၊ ကုသမှုနည်းလမ်းရွေးချယ်နိုင်ခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းများအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ရောဂါများ၏ သဘောသဘာဝကို နားလည်ခြင်းဖြင့် ထိရောက်သောကုသမှုနည်းလမ်းများ ချမှတ်နိုင်ပါသည်။

**(ည) ဆေးဝါးဗေဒ (Basic Veterinary Pharmacology)**

Veterinary Pharmacology သည် တိရစ္ဆာန်များအတွက် ဆေးဝါးအသုံးပြုမှုကို အထူးပြုလေ့လာခြင်းဖြစ်သည်။

**(ဋ) တိရစ္ဆာန်ဆေးပညာ (Basic Veterinary Medicine)**

တိရစ္ဆာန်ဆေးပညာသည် တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာပညာရပ်ဖြစ်သည်။

**(ဌ) အခြေခံခွဲစိတ်ပညာ**

အခြေခံခွဲစိတ်ပညာသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကုသရေးအတွက် အရေးကြီးသော ခွဲစိတ်နည်းစနစ်များကို လေ့လာသင်ယူခြင်းဖြစ်ပြီး မှန်ကန်သောခွဲစိတ်နည်းလမ်းများနှင့် စနစ်ကျသော ပြုစုစောင့်ရှောက်မှုတို့ဖြင့် တိရစ္ဆာန်များ၏ အသက်ကို ကယ်တင်နိုင်ပါသည်။

**(ဍ) တိရစ္ဆာန်ကူးစက်ရောဂါများ**

တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းကို လေ့လာသော ဘာသာရပ်ဖြစ်သည်။ တိရစ္ဆာန်ကူးစက်ရောဂါများသည် ဗိုင်းရပ်စ်၊ ဗက်တီးရီးယား၊ ကပ်ပါးကောင်သို့မဟုတ် ကပ်ပါးမှိုကဲ့သို့သော ရောဂါပိုးမွှားများကြောင့် ဖြစ်ပွားနိုင်ပြီး ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ပြဿနာများကို ဖြစ်စေနိုင်ပါသည်။

**(ဎ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပညာ**

တိရစ္ဆာန်နှင့်လူသားများ၏ ကျန်းမာရေးအပြန်အလှန်ဆက်စပ်မှုကိုလေ့လာပြီး ပြည်သူလူထု၏ ကျန်းမာရေးကို ကာကွယ်မြှင့်တင်ရန် ဆောင်ရွက်သောပညာရပ်ဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပညာဆိုသည်မှာ တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ၊ အစားအသောက်ဘေးကင်းရေး၊ ဇီဝလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းသည့်နယ်ပယ် ဖြစ်သည်။

**❝ တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာသင်တန်းသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကုသရေးတို့ကို လေ့လာလိုသူများအတွက် အခြေခံအခိုင်မာဆုံးလမ်းစဖြစ်ပြီး သင်တန်းသားများအား ကျေးလက်ဒေသမှသည် မြို့ပြအထိ တိရစ္ဆာန်ဆေးကုသရေးနယ်ပယ်တွင် အရည်အချင်းပြည့်ဝစွာ ပါဝင်လုပ်ကိုင်နိုင်စေမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်တွင်းအသားထုတ်လုပ်မှု မြင့်မားလာကာ နိုင်ငံတော်၏အသားကဏ္ဍကို ပိုမိုခိုင်မာစေ ❞**

**(ဏ) တိ-ကျန်း-မွေး-ဖွံ့ဥပဒေနှင့် အမိန့်ညွှန်ကြားချက်များ**

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေ၊ တိရစ္ဆာန်ဆေးပညာကောင်စီ၏ ဥပဒေများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်စသည်များကိုလည်း ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ပါသည်။

စာတွေ့အခြေခံအုတ်မြစ် (Theoretical Foundation)နှင့် လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံ (Practical Exposure) ပေါင်းစပ်ကာ ကျွမ်းကျင်စွာဆောင်ရွက်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ အဆင့်ဆင့်သင်ကြားမှုဖွဲ့စည်းပုံ (Structured Curriculum)ကို ကြည့်ခြင်းအားဖြင့် တိရစ္ဆာန်ဆေးကုပညာ ဒီပလိုမာသင်တန်းသည် အခြေခံမှ အဆင့်မြင့်အထိ လက်တွေ့အသုံးချနိုင်သောပညာရပ်များကို စနစ်တကျသင်ကြားပေးနေသည့် အစီအစဉ်ဖြစ်ပါသည်။ ဤသင်တန်းကို အောင်မြင်စွာပြီးဆုံးပါက တိရစ္ဆာန်ဆေးကုဒီပလိုမာ (Dip.V.Sc ) "Diploma in Veterinary Science" ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အလယ်အလတ်ကျွမ်းကျင်ပညာရှင်များဖြစ်လာစေမည်ဖြစ်ပါသည်။ အထူးသဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ဒုတိယလက်ထောက်ဦးစီးမှူးရာထူးမှစတင်၍ တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်သည်။ ဤသင်တန်းကိုရွေးချယ်ပါက တိရစ္ဆာန်ဆေးကုသရေးနယ်ပယ်တွင် ကျွမ်းကျင်စွာရပ်တည်နိုင်မည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ်တစ်ခုကို တတ်မြောက်စေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**သင်တန်းပြီးဆုံးပြီးနောက်ရရှိမည့် အရည်အချင်းများ (အကျဉ်းချုပ်)**

**တိရစ္ဆာန်မွေးမြူရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု**

- တိရစ္ဆာန်များ၏ မျိုးပွားကျန်းမာရေး (Reproductive Health)၊ တိရစ္ဆာန်သားဖွားပညာ (veterinary obstetrics) နှင့် မွေးကင်းစတိရစ္ဆာန်ငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုစီမံခန့်ခွဲမှုများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ခြင်း။
- မျိုးပွားနည်းပညာများအတွက် မေထုန်မဲ့သားစပ်ခြင်း (Artificial Insemination) ကို အခြေခံအားဖြင့် လုပ်ဆောင်နိုင်ခြင်း။

**တိရစ္ဆာန်ရောဂါ ကာကွယ်ခြင်းနှင့် ကုသခြင်း**

- အဖြစ်များသော တိရစ္ဆာန်ရောဂါများ (ဥပမာ-သားအိမ်ရောင်ခြင်း၊ မျိုးမအောင်ခြင်း၊ နို့အုံရောင်ရောဂါများ) ကို ရှာဖွေစစ်ဆေးကာ ကုသနိုင်ခြင်း။
- ကာကွယ်ဆေးထိုးနှံခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း။

**မွေးမြူရေးလုပ်ငန်းအတွက် အထောက်အကူပြုနည်းပညာများ**

- တိရစ္ဆာန်များ၏ အာဟာရ၊ နေထိုင်မှုစနစ်နှင့် မျိုးကောင်းမျိုးသန့်မွေးမြူရေးကို စီမံပေးနိုင်ခြင်း။
- ကျေးလက်ဒေသ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း။
- တိရစ္ဆာန်ဆေးကု အလယ်အလတ်တန်းစားကျွမ်းကျင်သူ (Para-Veterinarian) အဖြစ် လုပ်ကိုင်နိုင်ခြင်း။
- နို့စားနွား၊ အသားစားနွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲ အစရှိသည့် မွေးမြူရေးခြံများတွင် အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်နိုင်ခြင်း။

တိရစ္ဆာန်ဆေးကုပညာသည် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသော နယ်ပယ်တစ်ခုဖြစ်ပြီး ဤပညာရပ်ဖြင့် ဘဝတက်လမ်းများစွာ တည်ဆောက်နိုင်ပါသည်။ ကျေးလက်နေလူထုအတွက် တိရစ္ဆာန်များသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ "တိရစ္ဆာန်ကျန်းမာရေးကောင်းမွန်မှုသည် ကျေးလက်ဒေသ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည်" တိရစ္ဆာန်များ ကျန်းမာမှသာ နို့၊ အသား၊ အာဟာရနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသများတွင် တိရစ္ဆာန်ရောဂါများအတွက် ကာကွယ်ဆေးထိုးနှံမှုနည်းပါးခြင်း၊ ကျန်းမာရေးဗဟုသုတ အားနည်းခြင်းစသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်သည်။ တိရစ္ဆာန်ဆေးကုပညာဒီပလိုမာဖြင့် မွေးမြူရေးနှင့်ကုသရေးဌာန၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည့်နည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ခြင်းသည် လူမှုအကျိုးပြုလုပ်ငန်းဖြစ်သကဲ့သို့ မိမိ၏ အသက်မွေးဝမ်းကျောင်းပညာကိုလည်း အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။ ဥပမာဆိုရသော် တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းတွင် မေထုန်မဲ့သားစပ်ပညာကို အထူးဘာသာရပ်အဖြစ် သင်ကြားပေးပါသည်။ မွေးမြူရေးတိရစ္ဆာန်များ၏ မျိုးရိုးဗီဇအဆင့် မြင့်မားလာကာ ထုတ်လုပ်မှုစွမ်းရည် (နို့၊ အသား) တိုးတက်စေခြင်းဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်ပါသည်။ မေထုန်မဲ့သားစပ်ပညာရပ်သည် မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ မေထုန်မဲ့သားစပ်ပညာရှင်များနှင့် နိုင်ငံတော်အတွက် များစွာအကျိုးကျေးဇူးရှိသည့် နည်းပညာတစ်ရပ်ဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

နိဂုံးချုပ်အားဖြင့် တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာသင်တန်းသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကုသရေးတို့ကို လေ့လာလိုသူများအတွက် အခြေခံအခိုင်မာဆုံး လမ်းစဖြစ်ပြီး သင်တန်းသားများအား ကျေးလက်ဒေသမှသည် မြို့ပြအထိ တိရစ္ဆာန်ဆေးကုသရေးနယ်ပယ်တွင် အရည်အချင်းပြည့်ဝစွာ ပါဝင်လုပ်ကိုင်နိုင်စေမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်တွင်းအသားထုတ်လုပ်မှုမြင့်မားလာကာ နိုင်ငံတော်၏ အသားကဏ္ဍကို ပိုမိုခိုင်မာစေပါသည်။ ထို့ပြင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အသားနှင့် နို့ထွက်ပစ္စည်းများ ပြည်တွင်းတွင် ဖူလုံစွာရရှိစေရုံသာမက အရည်အသွေးမြင့်မားသော မွေးမြူရေးထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန် အခွင့်အလမ်းများလည်း ဖန်တီးပေးပါသည်။ ဤသင်တန်းသည် တစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းမှုကိုသာမက နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပြီး အနာဂတ်အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုတစ်ခုလည်း ဖြစ်ပါသည်။

တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းတက်ရောက်ခြင်းဖြင့် မိမိ၏ကိုယ်ပိုင် အောင်မြင်မှု၊ မွေးမြူရေးလုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုနှင့်နိုင်ငံ့စီးပွားရေး တိုးတက်မှုတို့ကို တစ်ပြိုင်နက် ဖော်ဆောင်နိုင်ကြမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသည့် (သိပ္ပံဘွဲ့ရရှိပြီးသူ) စိတ်ပါဝင်စားသူ နိုင်ငံသားတိုင်း တက်ရောက်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# မင်းဘူး(စကု)မြို့နယ်၌ တောင်မန်းလက်တံမြောင်းများနှင့် ကျောက်စံခတ်အားပေးစနစ် ရေတင်လုပ်ငန်းမှ သီးနှံစုံ ၁၈၂၂ ဧက ရေပေးဝေစိုက်ပျိုးနိုင်



မင်းဘူး မေ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အိုင်းမရေလွှဲဆည်မှ လက်တံမြောင်းများနှင့် ကျောက်စံခတ်အားပေးစနစ် ရေတင်လုပ်ငန်းများမှ ရေပေးဝေမှုများနှင့် သီးနှံစိုက်ခင်းများ၏ အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ရေပေးဝေစိုက်ပျိုးရာတွင် အိုင်းမရေလွှဲဆည်မှ လက်တံမြောင်း ၁၊ ၂၊ ၃ မှ ၁၀၆၇ ဧက၊ ကျောက်စံလျှပ်စစ်ရေတင်နှင့် ဆိုလာခတ်အားပေးစနစ် ရေတင်လုပ်ငန်းတို့မှ ၇၅၅ ဧက ရေဖြန့်ဖြူးပေးနိုင်သောကြောင့် စုစုပေါင်း သီးနှံစုံ ၁၈၂၂ ဧက ရေပေးဝေစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ယင်းရေပေးဝေထားသည့် စိုက်ခင်းများဖြစ်သည့် တောင်မန်းကျေးရွာ၊ ရေပုတ်ကျေးရွာ၊ ကျောက်စံကျေးရွာများမှ နှမ်းနှင့် နှမ်းပေါ်စိုက်ခင်းများ ရေသက်ရောက်မှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ရေပေးဝေထားနိုင်မှုနှင့် သီးနှံစိုက်ခင်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မကွေး မေ ၂၇**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် မေ ၂၆ ရက် နံနက်ပိုင်းက မကွေးမြို့နယ် ရှားပင်လှ ကျေးရွာအနီး ညောင်ပင်ခလချောင်းနှင့်ဖုတ်ကုန်း ကျေးရွာအနီး ဖလံချောင်းပေါ်ရှိ မြေအောက်တမံများ တည်ဆောက်နေမှုနှင့် ရှားပင်လှကျေးရွာအုပ်စု အတွင်း ဥစားကြက်မွေးမြူရေး ဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည်မကွေးမြို့နယ် ရှားပင်လှ ကျေးရွာအနီး ညောင်ပင်ခလ ချောင်းနှင့် ဖုတ်ကုန်းကျေးရွာအနီး ဖလံချောင်းပေါ်ရှိ မြေအောက် တမံများ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် မြေအောက်တမံများ တာဝန်ယူ တည်ဆောက်ခဲ့သည့် တည်ဆောက်ရေး(၈)မှ တာဝန်ရှိသူတို့က မြေအောက်ရေလှောင်တမံ စီမံကိန်းဧရိယာ ရွေးချယ် ဆောင်ရွက်မှုနှင့် ပတ်သက်၍ မြေအောက် ရေလှောင်တမံ တည်ဆောက်မည့်ချောင်းအထက် ဘက်တွင် လုံလောက်သော ရေဝေ ရေလဲဧရိယာရှိမှု၊ မြေအောက်ရေ ထုတ်ယူရရှိရန်အတွက် ရေ အောင်းလွှာအတွင်းသို့ ရေစီး ဝင်မှု လုံလောက်မှုအခြေအနေ၊ ချောင်း၏ အလျှောပြေပြစ်မှုရှိ ခြင်းနှင့် ချောင်းဖြက်ကျယ်ခြင်း၊ ရေအောင်းလွှာမှာ လုံလောက် သော ရေကို သိုလှောင်နိုင်သော အထုရှိမှုနှင့် ရေလုံသော ဖြတ်တားနံရံ တည်ဆောက်နိုင် ရန်အတွက် အောက်ခံရေလုံလွှာ အနက်တိမ်၍ မြေအောက်တမံ ဧရိယာကျဉ်းမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## လမ်းညွှန်မှာကြား

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှားပင်လှကျေးရွာအနီး ညောင်ပင်ခလချောင်းနှင့်ဖုတ်ကုန်း ကျေးရွာအနီးမှ ဖလံချောင်းပေါ်ရှိ မြေအောက်တမံများ တည်ဆောက် နေမှုကို ကြည့်ရှုစစ်ဆေးကာ မြေအောက်ရေ အစိုဓာတ် ဖြင့် ချောင်းတစ်လျှောက်နှင့် ပတ်ဝန်းကျင်တွင် စားဖိုဆောင် သီးနှံများ စိုက်ပျိုးလာနိုင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အတွက် တည်ဆောက်ရေး တာဝန်ရှိသူများ အနေဖြင့် သတ်မှတ်စံနှုန်းများနှင့် အညီ အချိန်မီပြီးစီးရေး အလေးထား ကြိုးစားဆောင်ရွက်ကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**မောင်ညီညာ**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**စစ်တွေ မေ ၂၇**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း က စစ်တွေမြို့ ဓညဝတီရပ်ကွက် ရှိ ခတ်ဦးဘုန်းတော်ကြီးကျောင်း တိုက်၊ ရွာကြီးမြောက်ရပ်ကွက်ရှိ ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်း တိုက်နှင့် ဝိဇ္ဇာသိဒ္ဓိဘုန်းတော်ကြီး ကျောင်းတိုက်များသို့ သွားရောက် ၍ ယာယီနေရပ်စွန့်ခွာ ပြည်သူ များနှင့်တွေ့ဆုံပြီး လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက် ပေးကြသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းတိုက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများ နေထိုင်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် လိုအပ်သောအဆောင် များ ဆောက်လုပ်ပေးနိုင်ရေးနှင့် ပြုပြင်ရန် လိုအပ်သည်များကို အချိန်မီ ပြုလုပ်နိုင်ရေး တာဝန်ရှိသူများအား မှာကြား ပြီး ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ဓမ္မရိပ်သာ ဘုန်းတော်ကြီး ကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကာ နဝကမ္မအလှူငွေများ လှူဒါန်း ကြသည်။ ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်း တိုက်အတွင်းရှိ ယာယီနေရပ် စွန့်ခွာပြည်သူများ နေထိုင်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ပြည်သူများ အေးချမ်းစွာနေထိုင် ချက်ပြုတ် စားသောက်နိုင်ရေး အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး၊ လုံခြုံ ရေးအတွက် ဆိုလာမီးများ တပ်ဆင်ပေးနိုင်ရေး၊ ရေရရှိရေး အတွက် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင် ရေးနှင့် ကျောင်းဖွင့်ရာသီတွင် ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့ အတွက် လိုအပ်သည်များကို ပူးပေါင်း ဆောင်ရွက်ပေးကြရန် တာဝန်ရှိ သူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ဝိဇ္ဇာသိဒ္ဓိ ဘုန်းတော်ကြီး ကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကာ နဝကမ္မအလှူငွေများ လှူဒါန်း ကြသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းတိုက်အတွင်းရှိ ယာယီ နေရပ်စွန့်ခွာ ပြည်သူများ နေထိုင်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် လိုအပ်သော အဆောင် များ ဆောက်လုပ်ပေးနိုင်ရေးနှင့် ပြုပြင်ရန် လိုအပ်သည်များကို အချိန်မီပြုလုပ်နိုင်ရေး တာဝန်ရှိ သူများအား မှာကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

**ဓာတ်ပုံ– ဝင်းမင်းစိုး**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလိုက်ရေလှောင်တမံနှင့် ဖောင်းလောင်ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း မန္တလေးလျှောင် ကြီး လှုပ်ခတ်ပြီးနောက် ဇမ္ဗူသီရိ မြို့နယ်ရှိ ငလိုက်ရာဘာရေ လွှဲဆည်နှင့် ဥတ္တရသီရိမြို့နယ် ကွဲ့ရှင်းကျေးရွာအနီးရှိ ငလိုက် ရေလှောင်တမံ၊ ဖောင်းလောင် ရေလှောင်တမံတို့၏ ကြံ့ခိုင်မှု အခြေအနေများ၊ ဆည်ရေသောက် စနစ်များ ထိခိုက်ခဲ့မှုနှင့် အရေးပေါ် ယာယီပြုပြင် ဆောင်ရွက်၍ စိုက်ပျိုးရေ ပြန်လည်ပေးဝေနေမှု ကို ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ငလိုက်ရာဘာ ရေလွှဲဆည်ကြံ့ခိုင် မှုအခြေအနေနှင့် လက်ဝဲ၊ လက်ယာ ရေသောက်စနစ်အချို့ ထိခိုက် ပျက်စီးခဲ့မှုအပေါ် အရေးပေါ်ယာယီ ပြုပြင် ဆောင်ရွက်၍ နွေစပါး၊ နွေ အခြားသီးနှံများအား စိုက်ပျိုးရေ ပြန်လည်ပေးဝေနေမှုကို လည်း ကောင်း၊ ငလိုက်ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ဆက်စပ် ရေအား အဆောက်အအုံကြံ့ခိုင်မှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ များက သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်လံ ရှင်းလင်းပြသကြသည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယ ဝန်ကြီးက ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက် အအုံများ ဘေးကင်းလုံခြုံမှု အခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ လမ်းညွှန်ချက် များအတိုင်း လိုက်နာဆောင်ရွက် ကြရန်နှင့် နွေစပါးစိုက်ပျိုးရာသီ အပြီး မိုးစပါးစိုက်ပျိုးရေမပေးဝေမီ ကြားကာလအတွင်း လိုအပ်သည့် အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်း များ ဆောင်ရွက်နိုင်ရေး စီမံကြရန်၊ မူလလျာထား စိုက်ပျိုးဧရိယာ များကို အထွက်နှုန်းလျော့ကျမှု မရှိစေရေးနှင့် တောင်သူများအား ရေအနည်းလို စပါးမျိုးများ ရွေးချယ် စိုက်ပျိုးနိုင်ရေး အသိပညာပေး ဆောင်ရွက် ကြရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင် ရာဌာနများမှ ပူးပေါင်း ဆောင်ရွက်ပေးကြရန် ဆွေးနွေး မှာကြားသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ငလိုက်ဆည် ရေသောက်စနစ် အတွင်း ထိခိုက်ပျက်စီးခဲ့သော ရေပေးမြောင်းနှင့် ဆက်စပ်ရေ အား အဆောက်အအုံများကို အရေးပေါ် ယာယီပြန်လည် ပြုပြင်ပြီး နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေလုပ်ငန်းများကို မေ ၃ ရက်မှစတင်၍ ပြန်လည်ပေးဝေ လျက်ရှိကာ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိ




ဟန္နိုင်း မေ ၂၇

ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှင်ဂီရူသည် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီး ယနေ့ ရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်း၏ လေးရက်ကြာ အရှေ့တောင်အာရှနိုင်ငံများ၏ ခရီးစဉ်တွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်သည်။

ဂျပန်ကုမ္ပဏီအများအပြားလည်ပတ်နေသည့် ဗီယက်နမ်ရှိ စက်မှုဇုန်သို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့၏ အခွန်စည်းကြပ်မှုများအပေါ် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အီရှီဘာသည် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်နှင့် တွေ့ဆုံမည်ဖြစ်ပြီး မေ ၂၈ ရက်တွင် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်နှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

ဝါရှင်တန်၏ အခွန်စည်းကြပ်မှုနှင့် တရုတ်၏ တန်ပြန်ဆောင်ရွက်မှုများသည် ကမ္ဘာ့စီးပွားရေးကို မည်ကဲ့သို့ အကျိုးသက်ရောက်စေမှုတို့အပေါ် အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာသည် နိုင်ငံစုံလွတ်လပ်စွာကုန်သွယ်မှုကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးကြောင်း ထပ်မံအတည်ပြုသွားရန် ကြိုးပမ်းလျက်ရှိသည်။

အရှေ့နှင့် တောင်တရုတ်ပင်လယ်များတွင် တရုတ်နိုင်ငံ၏ ရေကြောင်းသွားလာမှု တိုးမြင့်လာချိန်တွင် ဗီယက်နမ်နှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရန် တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံ၍ လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာဥပဒေ၏ အရေးပါမှုကို အလေးပေးဆောင်ရွက်ရန်လည်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်နျူကလီးယားအရေး တွေ့ဆုံဆွေးနွေးမှု အပြီးသတ်သဘောတူညီချက်ရရှိရန် နီးကပ်လာ



တီဟီရန် မေ ၂၇

ကျင်းပပြီးစီးခဲ့သည့် အီရန်နျူကလီးယားအရေး တွေ့ဆုံဆွေးနွေးမှုသည် အပြုသဘောဆောင်ပြီး အပြီးသတ်သဘောတူညီချက်ရရှိရန် နီးကပ်လာနေပြီဖြစ်ကြောင်း အီရန်နှင့် အမေရိကန်တာဝန်ရှိသူများက အသီးသီးပြောကြားသည်။

အီရန်နျူကလီးယားအရေးဆွေးနွေးပွဲကို အိုမန်နိုင်ငံတွင် မေ ၂၆ ရက်က ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲအတွင်း နှစ်ဖက်အကြား သဘောတူညီချက်ရရှိရေးအတွက် အခြေခံရမည့်အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး အီရန်နိုင်ငံခြားရေးဝန်ကြီး အဗတ်အေရာချီနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတိဗ်ဝတ်ကော့တို့က သက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်ခဲ့သည်။

အီရန်၏ နျူကလီးယားထုတ်လုပ်မှုအား လျှော့ချရန် အမေရိကန်က တောင်းဆိုခဲ့ပြီး အီရန်ဘက်မှလည်း မိမိနိုင်ငံသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနေကြောင်းနှင့် အမေရိကန်၏ ပိတ်ဆို့မှုများကိုဖြေလျှော့ပေးရေးအတွက် တောင်းဆိုခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့် နျူကလီးယားအရေး ဆွေးနွေးပွဲသည် အပြုသဘောဆောင်ပြီး ရလဒ်ကောင်းများရရှိခဲ့သည်ဟု အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတိဗ်ဝတ်ကော့က ပြောကြားသည်။

ယခုဆွေးနွေးပွဲတွင် အပြီးသတ်သဘောတူညီချက်မရရှိခဲ့ကြောင်းနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးရမည့် အကြောင်းအရာများစွာ ကျန်ရှိနေသဖြင့် မေ ၃ ရက်တွင် ဆွေးနွေးပွဲထပ်မံကျင်းပရမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အေဗတ်အေရာချီက ပြောကြားသည်။ အီရန်နှင့် အမေရိကန်အကြား သဘောထားကွဲလွဲမှုများ ရှိနေသဖြင့် အပြီးသတ်သဘောတူညီချက်ရရှိရေးမှာ လွယ်ကူမည်မဟုတ်ဟု လေ့လာသူများက ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၏ ဒေသအများအပြား၌ အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်

မနီလာ မေ ၂၇

လူဇုန်ကျွန်းအပါအဝင် ဖိလစ်ပိုင်နိုင်ငံ၏ ဒေသအများအပြား၌ အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခြင်းကြောင့် အန္တရာယ်ရှိသော အပူချိန်မြင့်မားမှုနှုန်းထားကို ဖိလစ်ပိုင်ပြည်သူများ ရင်ဆိုင်နေကြရကြောင်း မိုးလေဝသဗျူရိုက ယနေ့သတင်းထုတ်ပြန်သည်။

နိုင်ငံ၏ဒေသ ၁၀ ခုကျော်သည် အပူချိန် ၄၂ မှ ၅၁ ဒီဂရီစင်တီဂရိတ်အထိရှိသော "အန္တရာယ်" အပူချိန်မြင့်မားမှုနှုန်းထားသို့ ရောက်ရှိခဲ့ကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။

**သတိပေးပြောကြား**

"အန္တရာယ်" အဆင့်တွင်ရောက်ရှိနေသည့် ဒေသများရှိပြည်သူများသည် အပူချိန်ပြင်းထန်မှုကြောင့် ကြွက်တက်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများ ကြုံတွေ့ရနိုင်ကြောင်း ဗျူရိုက သတိပေးပြောကြားသည်။

အပူဒဏ်နှင့် အခြားအပူနှင့်ဆက်စပ်သော ရောဂါများကို ကာကွယ်ရန်အတွက် ပြည်သူများအား ရေဓာတ်ပြည့်ဝနေစေရန် နေထိုင်သင့်ကြောင်းနှင့်အထူးသဖြင့် နေ့လယ်ခင်း၏အပူဆုံးအချိန်များတွင် နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှုနှင့် ပြင်းထန်သော ပြင်ပလှုပ်ရှားမှုများကို ရှောင်ကြဉ်ရန် ပြည်သူများအား တိုက်တွန်းပြောကြားကြောင်း သိရသည်။



**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ကွန်ဂိုနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့အကြား ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြေညာချက်တစ်ရပ် လက်မှတ်ရေးထိုး

ကင်ရှာဆာ မေ ၂၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့သည် ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြေညာချက်တစ်ရပ်ကို ယမန်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အမေရိကန်နိုင်ငံသည် နှစ်နိုင်ငံသဘောတူညီချက်ရရှိရန် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့သည်။

နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဖော်ပြသည့် ကြေညာချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်တွင် သံခင်းတမန်ခင်းနှင့် စေ့စပ်ညှိနှိုင်းမှုများအပေါ် အခြေခံ၍ ၎င်းတို့၏ ပဋိပက္ခကို ငြိမ်းချမ်းစွာအဖြေရှာရန် ကတိပြုချက်နှင့် လက်နက်ကိုင်အဖွဲ့များအတွက် စစ်ရေးအရ ပံ့ပိုးမှုအပေါ် ကန့်သတ်ချက်များ ထားရှိရန်လည်း ပါဝင်သည်။

ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက် မူကြမ်းကို မေ ၂ ရက်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း ၎င်းတို့က သဘောတူညီခဲ့ကြသည်။

လက်နက်ကိုင်အဖွဲ့ M23 သည် ကွန်ဂိုအစိုးရတပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပြီး နိုင်ငံ၏ အရှေ့ပိုင်း ၎င်း၏ထိန်းချုပ်မှုအောက်ရှိ နယ်မြေများကို တိုးချဲ့ခဲ့သည်။ လက်နက်ကိုင်အဖွဲ့ M23 ကို ရဝမ်ဒါနိုင်ငံက ကျောထောက်နောက်ခံပြုလျက်ရှိပြီး ဇန်နဝါရီလတွင် ဒေသတွင်း အကြီးဆုံးမြို့ဖြစ်သည့် ဂိုမာကို သိမ်းပိုက်ခဲ့သည်။ ကွန်ဂိုသည် ၎င်း၏ ကြေးနီအပါအဝင် အခြားအရေးကြီးသော တွင်းထွက်ပစ္စည်းများကြောင့်နိုင်ငံများစွာ၏စိတ်ဝင်စားမှုကိုခံနေရသည်။

ဝါရှင်တန်သည် ကွန်ဂိုနိုင်ငံသို့ အမေရိကန် သတ္တုတွင်းကုမ္ပဏီအများအပြားအား ပိုမိုဝင်ရောက်ခွင့်ရလိုပြီး သဘောတူညီချက်စာချုပ်များ ချုပ်ဆိုရန် မျှော်လင့်ထားဖွယ်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကုန်သွယ်ခွန်မူဝါဒကြောင့် အမေရိကန် ပဲပိစပ်များ ပြည်ပနိုင်ငံသို့ တင်ပို့ရာတွင် အခက်ကြုံ

နယူးယောက် မေ ၂၇

အမေရိကန်၏ ပြည်ပနိုင်ငံများအား ကုန်သွယ်ခွန်စည်းကြပ်သည့် မူဝါဒကြောင့် အမေရိကန်၏ ပဲပိစပ်များ ပြည်ပသို့တင်ပို့ရာတွင် အခက်အခဲများကြုံတွေ့နေရပြီး ဈေးကွက်များဆုံးရှုံးနေကြောင်း အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်မှ လယ်သမားတစ်ဦးက ပြောကြားခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်၏ ပဲပိစပ်များ အဓိကတင်ပို့နေသည့်နိုင်ငံဖြစ်ပြီး တင်ပို့မှု ၅၀ ရာခိုင်နှုန်းရှိကြောင်း ၎င်းကပြောကြားသည်။ တရုတ်နိုင်ငံကဲ့သို့သော ဈေးကွက်ကို ဆုံးရှုံးရပါက အမေရိကန်အတွက် ထိခိုက်နစ်နာမှုများရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်၏ ကုန်သွယ်ခွန်စည်းကြပ်သည့် မူဝါဒကြောင့် ကမ္ဘာ့နိုင်ငံများရှိ ဈေးကွက်အတွင်း ဆုံးရှုံးနစ်နာမှုများရှိနေကြောင်းလည်း ၎င်းက ပြောကြားသည်။ အမေရိကန်တာဝန်ရှိသူများအနေဖြင့် ယခုကဲ့သို့မှားယွင်းသည့်ဆောင်ရွက်ချက်များကို အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မိတ္ထီလာမှ မန္တလေးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex Van တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၉၇၀၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ စက်မှုဇုန်ထုတ် Bagan Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၉ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၀၄၁၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၁၄၇၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၃၆၅)မိုင် တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၈၉၅၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ဆည်မြို့အထွက် Pectro Net ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၁၃၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၂၆၈၄၄၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၁၈ တန် (ခန့်မှန်းတန်ဖိုး ငွေ ၇၁၇၇၇ ကျပ်) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၅၀၇၁၇၇၇ ကျပ်ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၄၄ မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၈၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၅ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ဥတ္တရခရိုင်နှင့် ပျဉ်းမနားခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၉၈၅ တန်၊ အခြားသစ် ၁၂ ဒသမ ၄၅၇ တန်၊ မီးသွေး ၆ ဒသမ ၄ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၉၀၈၉၈၂ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၁ ဒသမ ၀၁၀ တန်၊ သစ်သားကိုယ်ထည် စက်လှေတစ်စင်းနှင့် ဆက်စပ်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၉၇၈၆၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည် စက်လှေသုံးစင်းနှင့် ဆက်စပ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၉၇၈၆၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေ ၁၇၁၉၈၅၄၃၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ် လေးစီး၊ လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ် တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းပြင် မေ ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံ-သာမညကားလမ်းအနီး၌ လှည့်လည်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၇၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၀၊ (ခန့်မှန်းတန်ဖိုး ငွေ ၁၁၃၈၄၅၇၀၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၄-၂၀၂၅ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ရတနသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | မြန်မာ့ကျက်သရေတက်နေဝဏ်ရည် (ယွန်းထည်) |
| ၀၉:၁၀ | နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်းတက်ညီလက်ညီဆောင်ရွက်စို့ (အပိုင်း-၂) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၄၀ | မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေပုလဲကျွန်းဆီ |
| ၁၁:၂၅ | ဘဝနှင့်အနုပညာ 'ချိုသံသာ တေးအလှဝေဖြာ' (အပိုင်း-၁) တေးသံရှင်စည်သူထား |
| ၁၃:၃၀ | MRTV National News |
| ၁၃:၄၀ | မျိုးဝဏ်တင့်စေ ဆိုကရေးတီးအဖွေ |
| ၁၅:၀၀ | ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်) |
| ၁၆:၄၀ | ချစ်စရာအရွယ်ကစားကြမယ် |
| ၁၇:၁၅ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၃၀ | This Week's Special Interest |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သုတောင်းမေတ္တာတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၅၁) (ဇာတ်သိမ်းပိုင်း) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | အင်အားပြင်းထန်မြေငလျင်ဒဏ်ကိုရင်ဆိုင်ကျော်လွှားပြီး ပိုမိုကောင်းမွန်သော အနာဂတ်နေ့ရက်များသို့ လျှောက်လှမ်းမည့် 'မြန်မာ' |
| ၂၁:၃၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၄၀ | သုတောင်းမေတ္တာတေးကမ္ဘာ |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုပ်ရှမ်းကောင်းများခေတ်' (အပိုင်း-၁၁) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Than Thayar Kayee Thel(Ei Ei Chon) |
| 07:07 | A Visit To Ye's Coastal Area |
| 07:25 | Yoga & Health |
| 07:46 | Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan |
| 08:01 | News |
| 08:26 | Global Updates; Making clean energy from peanut shells |
| 08:32 | Myanmar Traditional Thatched Roofs: IN-LEAF |
| 09:01 | Myanma Gone Yi U Sein Tun Kyi |
| 09:29 | Danu Food: Pounded Crab Apple Salad |
| 10:01 | News |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၅ | တိုင်းရင်းသားသီချင်း၊ အက (ကယား) |
| ၀၆:၄၅ | မြန်မာသံစဉ်တေးများ |
| ၀၇:၀၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတိစကား' (အပိုင်း-၂၅) |
| ၀၇:၄၀ | စတီရီယိုတေးများ |
| ၀၈:၀၅ | 'မေတ္တာရေစင်' တေးဂီတဖျော်ဖြေပွဲ |
| ၀၉:၄၅ | ကာတွန်း 'တိရစ္ဆာန်မြို့တော်၏ ဇာတ်လမ်း' (အပိုင်း-၁၉) |
| ၀၉:၅၅ | မြန်မာရုပ်ရှင်(ဖြူပြည်း) 'မေတ္တာရှင်မလေးငြိမ်းငြိမ်းအိ' |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ဝင်စားဖို့ကောင်းတဲ့ ကယားလေ့ထုံးစံများ (ကယားတိုင်းရင်းသားများရဲ့ကယားလိုင်းအိုးရိုး(ခေါ်)တေး)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
မြင်းလှည်းသမားတို့ရဲ့ဘဝ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဘုရင်ညီဝူသို့အလည်သွားကြရအောင်

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းအမျိုးသားပန်းတောင်ဇလပ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါ်နူးစုမ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
စကားပုံများမှမှတ်သားစရာ (ပိုင်ရှင်ပြောတော့နသေးလိုချင်သူအတွက်တော့ရင့်မှည့်ပြီး)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရင်ထဲကလက်မှုပညာ (လှည်းဘီး)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' ရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | Weekly Selected News |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၄၅ | Sports Diary |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | Weekly Selected News |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ' |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၁) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန' |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | How Texas Farmers Use 127 127 Million Acres Of Farmland-American Farming Documentary |
| ၁၉:၁၅ | Starting a year Pig Farm Business |
| ၂၀:၀၀ | အနှိမ်ခံချစ်သူ (ဇာတ်လမ်း) |
| ၂၂:၀၀ | Barbie (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Sports Info |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၂:၀၀ | Six Alex Ferguson Never Give in 2021 |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၇

မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု သဃ်န်းကျွန်းကြီးကျေးရွာအနီးတွင် သက်နိုင်(ခ)ကိုငှက် မောင်းနှင်ပြီး ကျော်ခိုင်လင်း(ခ)မိုးဒီလိုက်ပါလာသည့် Harrier ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၃၅၀၀) သိမ်းဆည်းရမိခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများအား ရေတာရှည်မြို့နယ် ရေနီကျေးရွာမှ ရန်ကုန်သို့သယ်ဆောင်ခဲ့သည့် Canter Isuzu ခြောက်ဘီးယာဉ်အား မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်တွင် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဧပြီ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ နေလင်းထွန်းအား ရန်ကုန်-မန္တလေး အမြန်လမ်း (၁၅၈)မိုင် စစ်ဆေးရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် အောင်အောင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၇၀) သိမ်းဆည်းရမိခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ တင်မင်းကို (ခ) ပြုံးချိုအား တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၈ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် မယ်ဆိုင်ရေချောင်းအနီး ဝါးရုံပင်အောက်တွင် မောင်တူး (ခ)တူကြီး ဝှက်သိမ်းထားသည့် မြေကျင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၃၅၀) နှင့်အတူ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်




နေလင်းထွန်း၊ သက်နိုင်(ခ)ကိုငှက်နှင့် ကျော်ခိုင်လင်း(ခ)မိုးဒီတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Daw Kyi Sein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဒေါ်ကြည်စိန်အား ည ၇ နာရီ မိနစ် ၄၀ တွင် မုပ္ပန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်အောင်မြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေး ဆောင်ရွက်

မြန်အောင် ဧပြီ ၂၇

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ထက်စက်သုံးဆီအရောင်းဆိုင်၌ သွားရောက်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲအောင် ဦးဆောင်သောအဖွဲ့နှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များ အသိပညာပေးမှာကြားခြင်းတို့ ဆောင်ရွက်ပြီး စက်သုံးဆီအရောင်းဆိုင်အတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှုအခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များ လိုက်နာဆောင်ရွက်ရန် အသိပညာပေး စစ်ဆေးခဲ့ကြောင်း သိရသည်။



ရောဦးသာ

# ရေနံချောင်းမြို့နယ်၌ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ရေနံချောင်း ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အများပြည်သူ စားဝတ်နေရေး အဆင်ပြေစေရန်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်၍ ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လုပ်ငန်းရှင်များနှင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ရေနံချောင်းမြို့နယ် အတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် စားသောက်ကုန်လုပ်ငန်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများတွင် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချရန်ဆွေးနွေးခဲ့ပြီး ဈေးနှုန်း မြှင့်တင်ရောင်းချခြင်းများ စစ်ဆေးတွေ့ရှိပါက မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့က တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ် စမတ်ကတ်များအားနေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၇

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခြင်းကို ယနေ့နံနက် ၈ နာရီ၌ ညောင်ကျေးရွာတွင် ပြည်သူများအား ထုတ်ပေးခြင်းနှင့် စမတ်ကတ်များအား ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လူတိုင်းကိုင်ဆောင်နိုင်ရန်၊ ပြည်သူများအားလုံး ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် အိမ်ထောင်စုစာရင်းများတွင် မိသားစုဝင်များ၏ လူဦးရေနှင့် အမည်စာရင်းများ မှန်ကန်စွာ ထည့်သွင်းဖော်ပြနိုင်ရန် ဖြစ်ပြီး အသက် ၁၀ နှစ်နှင့် ၁၆ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂ ကတ်၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား ၃၈ ကတ်နှင့် အသက် ၁၈ နှစ်နှင့်အထက် ကတ် ၆၀ တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်း ကတ် ၁၃၀ ထုတ်ပေးပြီး စမတ်ကတ်များနေ့ချင်းပြီး ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လျှောင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၌ မလေးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုများကို လည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသကသီလရှင်ကျောင်းတိုက်၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုနှင့် သံပုဏ္ဏာရာမ ကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း ငလျင်ဒဏ်သင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော် ရေသန့်စက်ရုံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေသန့်စက်ရုံတို့မှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ibis Styles Hotel သို့ သွားရောက်၍ ထိုင်းနိုင်ငံမှ Col. Suthawut Naksri ဦးဆောင်သော ဆေးအကူအညီပေးရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ကူညီဆောင်ရွက်ရေး အင်ဂျင်နီယာအဖွဲ့ ဖလှယ် ဆွေးနွေးခဲ့ကြပြီး စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့က အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ လုပ်ငန်းခွင်ဘေးရှိ ပစ္စည်းလက်ခံ/လွှဲပြောင်းရေး အဖွဲ့ယာယီရုံးတွင် Sky Villa အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရာတွင် ဖော်ထုတ်ရှာဖွေ တွေ့ရှိသော ပစ္စည်းများကို သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အား လက်ခံတွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် လိုအပ်သည့် အကူအညီများပေးနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးစွာ အမြင်ချင်းလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ တစ်ဆက်တည်းတွင် Sky Villa ရှေ့ရှိ အမှတ်(၄)ရေစစ်ကန် အခြေအနေနှင့် ရေပေးဝေရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်ဝေါ(လ်)ဟိုတယ် နေရာသို့ရောက်ရှိပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ အဆောက်အအုံဘေးရှိ လမ်းမကြီးပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်သည့် အတိုင်းအတာအထိ အမြန်ဆုံး ဖြိုချဖျက်ဆီးရှင်းလင်းရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ လမ်းဘေး ဝဲ/ယာ တစ်လျှောက် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာ၊ တိုင်းသမဝါယမဦးစီးမှူးရုံး၊ ဘီဂျင်းဟိုတယ်၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးနေရာတို့တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ အဆောက်အအုံများအား ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံအဖြစ် သတ်မှတ်ကာ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများပေါ်တွင် လူ/ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် လမ်းမကြီး ဘေးဝဲ/ယာ မျက်နှာစာတန်းကို ဦးစားပေး၍ အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်

**စာမျက်နှာ ၁၇ သို့ »»**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရေသန့်စက်ရုံမှ သောက်သုံးရေဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် အောင်မြေသာစံမြို့နယ်ရှိ Sky Villa ၌ ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်ပရိဝုဏ်အတွင်း ရှေးမူမပျက် ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းမိုင်(၃၅၄/၃-၃၅၄/၄)အတွင်းရှိ ယုဇနတံတား ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# လျှော့ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၆ ရက် ည ၈ နာရီ ၁၀ မိနစ်မှ မေ ၂၇ ရက် ညနေ ၅ နာရီအတွင်း တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့် ခြင်ထောင်၊ အိပ်ရာခင်းများ ၇ ဒသမ ၆၈၉ တန်၊ မြန်မာ-ထိုင်ဝမ် ကုန်သည်ကြီးများအသင်းက ထောက်ပံ့ပေးသည့် လူသုံးကုန်ပစ္စည်းများ သုည ဒသမ ၉၇၁ တန်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)က ထောက်ပံ့ပေးသည့် မီးဖိုချောင်သုံး ပစ္စည်းများ၊ ရေပုံး၊ တာပေါ်လင်၊ ဆိုလာမီးအိမ် ၈၀ ဒသမ ၁၆၈ တန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

# ကချင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးဟောပြော

မြစ်ကြီးနား မေ ၂၇

ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်း ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသည်။



## တက်ကြွစွာ ပါဝင်ဆောင်ရွက်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ ကမ္ဘာ့နိုင်ငံတစ်ဝန်းတွင်သာမက အာဆီယံနိုင်ငံများ၊ မိမိတို့နိုင်ငံတွင်လည်း သဘာဝဘေးများ ဖြစ်ပွားလျက်ရှိသည့်အတွက်ကြောင့် မိမိတို့ ကချင်ပြည်နယ်အနေဖြင့်လည်း သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ယခုလိုအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ လူတစ်ဦး တစ်ယောက်ချင်းစီက တာဝန်သိစိတ်ကိုယ်စီဖြင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်လှကေသီမာက ကချင်ပြည်နယ်၌ ငါးနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးဖြစ်ပွားခဲ့မှုနှင့် ထိခိုက်ဆုံးရှုံးခဲ့မှု အခြေအနေများ၊ ငလျင်ဘေး၊ ရေဘေးနှင့် မီးဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဖြစ်ပွားမှုမရှိမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးချိန်တွင် ကာကွယ်ဆောင်ရွက်ရန် နည်းလမ်းများ၊ ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဇော်ဦးက မီးဘေးအန္တရာယ်ဖြစ်ပွားခဲ့မှု အခြေအနေများ၊ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စုဖွဲ့ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အကြောင်းနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ အသိပညာပေးခြင်းလုပ်ငန်းများအကြောင်းကို ဟောပြောခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာတင့်နိုင်က သဘာဝဘေးဖြစ်ပွားပြီးနောက် ရင်ဆိုင်ကြုံတွေ့ရသည့် နောက်ဆက်တွဲ ဖြစ်ပွားတတ်သည့် ရောဂါများနှင့် လိုက်နာကျင့်ကြံနေထိုင်ရမည့် ကျန်းမာရေးဆိုင်ရာအသိပညာများ၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘရန်ဒီးက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးကျန်းမာရေးစောင့်ရှောက်မှုပေးသည့် လုပ်ငန်းများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ကချင်ပြည်နယ်အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ငါးနှစ်တာ စာရင်းများအရ မီးဘေး ၁၄၂ ကြိမ်၊ ရေဘေး ၂၇ ကြိမ်၊ ကမ်းပြိုဘေး ၁၃ ကြိမ်၊ လေဘေး ၃၉ ကြိမ်၊ မိုးကြိုးဘေး ခုနစ်ကြိမ်၊ မိုင်းထိ ၂၃ ကြိမ်တို့ဖြင့် စုစုပေါင်း ၂၈၇ ကြိမ်ဖြစ်ပွားခဲ့မှုကြောင့် အိမ်ထောင်စု ၇၆၈၇ စု၊ လူဦးရေ ၁၄၆၀၈၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံး ၁၂၀၊ ဒဏ်ရာရ ၈၅ ဦးရှိကြောင်းနှင့် နှစ်ပေါင်း ၂၀ ကျော်အတွင်း ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဧရာဝတီမြစ်ရေ စံချိန်မြင့်တက်မှုကြောင့် အိမ်ထောင်စု ၁၆၃၄၁ စု၊ လူဦးရေ ၆၈၇၄၇ ဦး ရေဘေးဒဏ်ခံစားခဲ့ရပြီး ကျပ် ၁၇ ခုရှိ ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၂၂ ဒသမ ၃၆ ဘီလီယံထိရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

»»» **စာမျက်နှာ ၁၆ မှ**

ဆုတောင်းပြည့် စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

## ရေးမူမပျက် ပြုပြင်ဆောင်ရွက်

ထို့နောက် ဘုရားရင်ပြင်တော်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋိတိုက်ရှိ အမိုး၊ တိုင်၊ ခုံနေရာများအား ပိုမိုခိုင်ခံ့အောင် သံချောင်းများ အစားထိုး၍ ရေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ခေတ်လှေကားနှင့် စက်လှေကားများအား အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ပတ္တာကျေးရွာအုပ်စု မြင်စိုင်းရပ်နှင့် အေးမြကြည်လင် ရပ်ကွက်တို့၌ အန္တရာယ်ရှိ အဆောက်အအုံအားစက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ကျောက်ဆည်ခရိုင် အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၂၈၆၉ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့် အဆောက်အအုံ ၂၆၁၄ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၅၅ လုံးမှ အဆောက်အအုံ ၁၈၃ လုံး ရှင်းလင်း ဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၇၂ လုံး ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်(၃၅၄/၃-၃၅၄/၄)အတွင်းရှိ ယုဇနတံတား ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေးနှင့် ယာဉ်များ ပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## နေ့ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရွှေသာလျောင်းတောင်ပေါ်ရှိ ငြိမ်းချမ်းရေးကျောင်းတိုက်သို့ သွားရောက်၍ အပျက်အစီးများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ နေ့ဆွမ်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကျောက်ဆည်မြို့ စုကြီးရပ် ရွှေမုဋ္ဌောဘုရား၌ စည်ပင်သာယာရေး အဖွဲ့များ၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ဆည်/မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အင်ဂျင်နီယာကောင်စီမှ အင်ဂျင်နီယာများဖြင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး ငလျင်ဒဏ် ၈ မဂ္ဂနီကျူခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုရန် အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ SOP ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကျောက်သေတ္တာကြီး Geophysical Survey(ဘူမိဗေဒ တိုင်းတာခြင်း)ဆောင်ရွက်ခြင်း၊ Topo Graph Survey (မြေမျက်နှာပြင် အနိမ့်အမြင့်တိုင်းတာခြင်း) ဆောင်ရွက်ခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ မြေပြင်ကွင်းဆင်း တိုင်းတာမှုအနေဖြင့် လျှပ်စစ်လွှတ်ရန် ဆက်သွယ်ကြိုးသွယ်တန်းခြင်း၊ ကျောက်သား/မြေသားအတွင်းသို့ Steel Electrode(စတီးသံချောင်းများ) ရိုက်သွင်းခြင်း၊ ဆက်သွယ်ကြိုးနှင့် Steel Electrode များအား ကလစ်ဖြင့် ချိတ်ဆက်ခြင်း၊ တိုင်းတာရေးစက်ဖြင့် လျှပ်စစ်လွှတ်၍ တိုင်းတာခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး မြေပြင်တိုင်းတာမှုပြီးစီးပါက တွက်ချက်မှုများ ဆက်လက်လုပ်ဆောင်၍ ရရှိလာသော အဖြေများကို အင်ဂျင်နီယာကောင်စီသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ရှင်းလင်းဆောင်လမ်းနှင့် C3 လမ်းကြား အရှည် ၅၁၁၅ ပေ လမ်းဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေးဝဲ၊ ယာ ရေစီးရေလာကောင်းမွန်ရေး၊ မြေပြိုမှုမရှိစေရေး၊ မြေသားများ ခိုင်ခံ့မှုရှိစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် Box Culvert ပြုလုပ်ရန်တို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် ယုဆိုင်၊ ထိုင်ဝမ်မုန်ညင်းဖြူ၊ မုန်ညင်းစိမ်း၊ ကိုက်လန်၊ ဆလပ်၊ ထိုင်ဝမ်ကန်စွန်း၊ ချဉ်ပေါင်နှင့် ဟင်းနုနယ်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အပင်များ ရေလုံလောက်စွာရရှိရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန်နှင့် တိုးချဲ့စိုက်ပျိုးကြရန်တို့ကို မှာကြားသည်။

ယင်းနောက် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်ခန်းမတွင် ဇုန်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှ စိုက်ပျိုးမွေးမြူရေးကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် စိုက်ပျိုးပင်များအတွက် ရေရရှိရေး ဆောင်ရွက်ရန်၊ နှစ်ရှည် သီးပင်စားပင်များ စိုက်ပျိုးရန်၊ စားရေရိက္ခာဖူလုံမှုရှိစေရေး ကြိုးပမ်းအကောင်ထည်ဖော် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် M –5 နှင့် M – 6လမ်းရှိ ဦးရဲနောင်၏ခြံတွင် ထိုင်ဝမ်ကန်စွန်း၊ မုန်ညင်းဖြူနှင့် မုန်ညင်းစိမ်းထုပ်ပင်များ စိုက်ပျိုးထားရှိမှု၊ C–7 လမ်းရှိ ဦးဗျက်ကာ၏ ခြံတွင် ဘဲအကောင်ရေ ၁၀၀၀၊ ကြက်မဲနှင့် ယူနန်ကြက် အကောင်ရေ ၄၀၀ ခန့် မွေးမြူထားရှိမှု၊ M – 1 နှင့် C – 15 လမ်းရှိ ဦးမောင်ရှမ်း၏ ဝက်ခြံတွင် ဝက်အကောင်ရေ ၉၀၀ မွေးမြူထားရှိမှု၊ M – 1နှင့် C– 6 လမ်းရှိ ဦးဇော်မြင့်၏ ငုံးခြံတွင် ငုံးအကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှု၊ M – 3 လမ်းရှိ ဦးအောင်ဝင်း+ဒေါ်ခင်ငွေး၏ ခြံတွင် ဒူးရင်းပင် ၁၁၂၀ နှင့် အုန်းချိုမွှေးပင် ၄၆၀ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကင်း မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် အမှတ် (၁၄)ရပ်ကွက်မိုးကောင်းဘုရားလမ်း မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မိုးကောင်းစေတီတော် ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ရေသယ်ယာဉ်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တနင်္ဂနွေသန့်ရှင်းရေးအသင်းနှင့် မိုးစေတနာပရဟိတအသင်းတို့က ပူးပေါင်း၍ အန္တရာယ်ကင်းကန်တော့ပွဲများပေးခြင်း၊ စေတီတော်များအား ရေသပ္ပာယ်ခြင်း၊ အာရုံခံတန်ဆောင်းများနှင့် ရင်ပြင်တော်အား ရေဆေးခြင်းနှင့်ရေနုတ်မြောင်းများအား သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လှလှထွေး(ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းတွင်(၁၂၅) ရပ်ကွက် အောင်သိဒ္ဓိဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်းတို့က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အသက် (၁၆–၁၈) နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများနှင့် အသက် (၁၈) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအားဆောင်ရွက်ပေးခဲ့ပြီး UID ကောက်ယူရန် ကျန်ရှိသူများအားဖြင့် ဇီဝအချက်အလက်ကောက်ယူပေးခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

# ၂၀၂၅ ခုနှစ် မေလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေ ၂၆ ရက်မှ ၃၁ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်း ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ခုနစ်ပေမှ ကိုးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် တစ်ပေခွဲခန့်နှင့် ပဲခူးမြို့တွင် လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ငါးပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေရာကွက်၍ မိုးကြိုးနိုင်


**နေပြည်တော် ဧပြီ ၂၇**

ယနေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**


၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၃၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# ၂၀၂၅ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၂၇**

**အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နယုန်လဆန်း ၆ ရက်နေ့မှ ၁၀ ရက် နေ့)အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာ ရှိပါသည်။

**မိုးဦးကာလ ခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိ ဖြစ်ပါသည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလ ခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလ ခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်ပါသည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သားမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန် ရောက်ရှိနိုင်သည်။

## ၂၀၂၅ ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**၂၀၂၅ခုနှစ် မိုးဦးကာလသတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့် နေ့မှ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိဖြစ်သည်။

**၂၀၂၅ ခုနှစ် မုတ်သုံလေ ဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိပါသည်-

(က) မေလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊
(ခ) မေလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊
(ဂ) မေလ ၂၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့်
(ဃ) ဇွန်လ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့် ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်သာမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့ တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုး/ဇလ**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် Basic English Grammar & Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 9

ယခင်တစ်ပတ်က Present Perfect Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Present Perfect Tense အကြောင်းကို အဖြေများနှင့်တကွ ဖော်ပြသွားမှာဖြစ်ပါတယ်။

**Unit 3**

**Lesson 3: What have you done this week?**

VI. **Choose past simple or present perfect to complete the sentences below.**

1. I (**visit**) _______ Bagan twice.
2. I (**visit**) _______ Singapore last year.
3. She (**read**) _______ book before.
4. She (**read**) ______ book last month.
5. They (**eat**) ______ dinner already.
6. They (**eat**) ______ pizza an hour ago.
7. We (watch) ______ that movie several times.
8. We (**watch**) ______ the movie last night.
9. He (**play**) ______ football since he was a child.
10. He (**play**) ______ table tennis yesterday.
11. I __________ (**visit**) Pyin Oo Lwin two years ago.
12. She __________ (**finish**) her work for today.
13. They __________ (**go**) to the beach last weekend.
14. We __________ (**just, arrive**) at the restaurant.
15. He __________ (**not, see**) that movie yet.
16. The team __________ (**win**) the championship last year.
17. I __________ (**never try**) sushi before.
18. She __________ (**visit**) her grandparents last summer.
19. They __________ (**not, eat**) breakfast this morning.
20. We __________ (**already, start**) the project.

VII. **Rearrange the words to make a meaningful sentence.**

1. have / . / I / my / lost / keys /
2. to / They / . / gone / the / have / park /
3. you / seen / him / before / Have / ? / ever /
4. done / She / homework / has / yet / . / her / not /
5. never / tried / seafood / have / . / I / this /
6. you / ? / Have / watched / film / ever / this /
7. been / . / My / for / has / a / years / aunt / bank manager / ten /
8. was / since / . / I / learnt / English / have / I / young /
9. have / town / in / . / We / for / years / lived / this / ten /
10. haven't / a / . / new / bought / I / yet / smart phone /

VIII. **Translate the following sentences into English.**

1. ကိုကို ကားရေဆေးပြီးပြီ။ (wash the car)
2. ညီမလေး ဖေဖေ့အတွက် ကော်ဖီဖျော်ပြီးပြီ။ (make coffee)
3. ကျွန်တော် အိမ်စာ အခုလေးတင် လုပ်ပြီးပြီ။ (do homework)
4. မေမေ နံနက်စာ ချက်ပြီးနှင့်ပြီ။ (make breakfast)
5. မောင်မောင် ရေချိုးတာ နာရီဝက်ရှိပြီ။ (take a shower/ half an hour)
6. ခင်ခင် ဒီစာအုပ် ဖတ်ပြီးပြီ။ (read this book)
7. ကျွန်တော် ထိုင်းအစားအစာ စားဖူးတယ်။ (Thai food)
8. ကျွန်တော် မြင်းစီးဖူးတယ်။ (ride a horse)
9. မင်းမင်း ဆင်မစီးဖူးဘူး။ (ride an elephant)
10. သူ ကျွန်တော့်ကို မမြင်ဖူးဘူး။ (see me)
11. ကျွန်တော် ဒီကစားနည်း မကစားဖူးဘူး။ (play this game)
12. ကိုအောင် ဒီမြို့မှာ နေတာ လေးနှစ်ရှိပြီ။ (live / this town)
13. မင်း သူ့ကို မြင်ဖူးလား။ (see)
14. သူတို့တွေ သူနာပြုတွေဖြစ်တာ ရှစ်နှစ်ကြာပြီ။ (be/ eight years)
15. မေမေ ညစာ စားပြီးပြီလား။ (eat / dinner)

***************

**Answer**

**Lesson 3: What have you done this week?**

I. 1. have finished; 2. has visited; 3. have eaten; 4. have watched; 5. has read; 6. have seen; 7. has climbed; 8. have bought; 9. have played; 10. has studied;

II. 1. hasn't written; 2. haven't gone; 3. hasn't watered; 4. hasn't made; 5. hasn't washed; 6. hasn't studied; 7. hasn't read; 8. hasn't bought; 9. hasn't travelled; 10. haven't taken;

III. 1. Has she cooked a delicious meal? 2. Have they gone to school? 3. Has Win Win bought a new house? 4. Has Zaw Min sold out the eggs? 5. Have you invited our relatives to the birthday party?

IV. 1. since; 2. for; 3. for; 4. since; 6. since; 7. since; 8. for; 9. since; 10. for;

V. 1. just 2. already 3. yet 4. recently 5. lately 6. for 7. since 8. ever 9. never

VI. 1. have visited; 2. visited; 3. has read; 4. read; 5. have eaten; 6. ate; 7. have watched; 8. watched; 9. has played; 10. played; 11. visited; 12. has already finished; 13. went; 14. have just arrived; 15. hasn't seen; 16. won; 17. have never tried; 18. visited; 19. didn't eat; 20. have already started;

VII. 1. I have lost my keys. 2. They have gone to the park. 3. Have you ever seen him before? 4. She has not done her homework yet. 5. I have never tried this. 6. Have you ever watched this film? 7. My aunt has been a bank manager for ten years. 8. I have learnt English since I was young. 9. We have lived in this town for ten years. 10. I haven't bought a new smartphone yet.

VIII. 1. Ko Ko has washed the car. 2. Nyi Ma Lay has made coffee for father. 3. I have just done my homework. 4. Mother has already made breakfast. 5. Maung Maung has taken a shower for half an hour. 6. Khin Khin has read this book before. 7. I have ever eaten Thai food. 8. I have ever ridden a horse; 9. Min Min has never ridden an elephant. 10. He has never seen me. 11. I have never played this game. 12. Ko Aung has lived in this town for four years. 13. Have you ever seen him? 14. They have been nurses for eight years. 15. Has mother eaten dinner?

********************

## Grade 10

ယခင်တစ်ပတ်က Present Simple (V1) နှင့် Present Continuous Tense (am, is, are + Ving) အကြောင်းကိုဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ **Subject and Predicate (ကတ္တား နှင့် ဝါစက (ခေါ်) ကြိယာပုဒ်)** အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**ယခင်တစ်ပတ်တွင် ဖော်ပြပါရှိခဲ့သော သင်ခန်းစာ၏ အဖြေများ**

**Answers**

**Present Simple (V1)**

(A) 1. a current situation; 2. a current situation; 3. A habitual action; 4. A current situation; 5. A habitual action; 6. A habitual action; 7. A habitual action; 8. A habitual action; 9. A habitual action; 10. A fact that is always true;

**Present Continuous Tense (am, is, are + Ving)**

(A) 1. an activity that is happening now; 2. An activity that is happening now; 3. An activity that is happening now; 4. An activity that is happening now; 5. A planned future arrangement; 6. An activity that is happening now; 7. A temporary action; 8. A planned future arrangement; 9. An activity that is happening now; 10. An activity that is happening now;

(B) 1. is sitting; 2. is knocking; 3. stop; 4. make; 5. is playing; 6. am correcting; 7. am preparing; 8. earns; 9. stands; 10. come; 11. comes; 12. is coming; 13. rings; 14. is smoking; 15. is raining; 16. go; 17. make; 18. is running; 19. is singing; 20. come;

++++++++++++++++++++

**Grammar**

**Subject and Predicate (ကတ္တား နှင့် ဝါစက (ခေါ်) ကြိယာပုဒ်)**

Subject ဆိုတာ Noun or Pronoun ဖြစ်ပြီး Predicate ဆိုတာ Verb ပါတဲ့ပုဒ်စုလို့ အလွယ်မှတ်ပါ။

**Exercise:**

(A) **Choose the subject and the predicate from the following sentences.**

1. The cat sat on the mat.
   Subject: ______________
   Predicate: ______________
2. Naychi likes to play with her toys.
   Subject: ________________
   Predicate: ______________
3. The sun shines brightly in the sky.
   Subject: ______________
   Predicate: ______________
4. Birds sing sweetly in the morning.
   Subject: ______________
   Predicate: ______________
5. Cars zoom past on the busy road.
   Subject: ______________
   Predicate: ______________

*************

**Answer**

**Subject and Predicate**

1. Subject: The cat, Predicate: sat on the mat 2. Subject: Naychi, Predicate: likes to play with her toys 3. Subject: The sun, Predicate: shines brightly in the sky 4. Subject: Birts, Predicate: sing sweetly in the morning 5. Subject: Cars, Predicate: zoom past on the busy road

**************************

စာမျက်နှာ ၂၂ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 11

**ယခင်တစ်ပတ်က Before နှင့် After အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Present Simple (V1) နှင့် Present Continuous Tense (am, is, are + Ving) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Answers

### Before / After

(A) after; 2. after; 3. before; 4. before; 5. before; 6. before; 7. after; 8. before; 9. after; 10. after; 11. before; 12. before; 13. after; 14. before; 15. after; 16. before; 17. before; 18. before; 19. before; 20. before;

(B) 1. after 2. after 3. after playing the game with his friends, he took a shower. 4. After it had started to rain, we rushed inside. 5. Before I take the test, I will review my notes. 6. After she had washed the vegetables, she put them in the plate. 7. After washing the vegetables, mother cooked them. 8. Before he made a decision, he considered all the options. 9. Before eating/ she ate breakfast, she had gone for a run. 10. Before beginning / he begins his speech, he always takes a deep breath. 11. After he had left for work, it started raining. 12. After taking / I take the test, I will relax for the rest of the day.

### Grammar

#### Present Simple (V1)

ယေဘုယျအမှန်တရား၊ လုပ်လေ့လုပ်ထရှိတဲ့လုပ်ရပ်တွေ၊ လက်ရှိအခြေအနေနဲ့ အချိန်ဇယားအတိုင်း လုပ်ဆောင်ရတဲ့အရာတွေကို ပြောဆိုရေးသားရာမှာ Present Simple (V1) ကို သုံးရပါတယ်။

*** general truths (ယေဘုယျအမှန်တရား)**

e.g. Gases **expand** when they are heated. (အပူပေးသည့်အခါ ဓာတ်ငွေ့များတိုးပွားလာသည်။)

The moon **does not shine** by itself; it reflects the light from the sun. (လကမ္ဘာသည် သူ့အလိုလို ထိန်းလင်းမှုမရှိ။ နေမှ အလင်းရောင်ကို ရောင်ပြန်ဟပ်သည်။)

What temperature **does** water **boil** at? (အပူချိန်ဘယ်လောက်မှာ ရေဆူပွက်သလဲ။)

**• Habitual activities of the present (လုပ်လေ့လုပ်ထရှိတဲ့လုပ်ရပ်)**

e.g. Grandpa usually goes for a walk in the evenings. (ဘိုးဘိုး ညနေခင်းတွေဆို လမ်းလျှောက်ထွက်လေ့ရှိတယ်။)

Our family **doesn't** often **go** out for meal. (ကျွန်တော်တို့မိသားစုက အပြင်ထွက်စားလေ့မရှိပါ။)

Do your friends usually **go** to concerts? (သင့်သူငယ်ချင်းတွေ ပြပွဲရုံသွားလေ့ရှိသလား။)

**• States or conditions at the present time. (လက်ရှိအခြေအနေ)**

e.g. My brother **plays** for Yangon United FC. (ကျွန်တော့်အစ်ကို ရန်ကုန်ယူနိုင်တက်ဘောလုံးအသင်းမှာ ကစားတယ်။)

His duties **do not include** answering phone calls. (သူ့တာဝန်တွေမှာ ဖုန်းဖြေကြားတာ မပါဘူး။)

**Does** this coat **belong** to you? (ဒီအနွေးထည်က မင်းဟာလား။)

**• Events which are part of a timetable, a regular schedule or something similar (အချိန်ဇယားအတိုင်း လုပ်ဆောင်ရတဲ့အရာ)**

e.g. The train **leaves** at 6 a.m. tomorrow. (ရထား မနက်ဖြန် နံနက် ၆ နာရီမှာ ထွက်တယ်။)

When **does** the train **leave** for Mandalay? (ဒီရထားက မန္တလေးကို ဘယ်အချိန်ထွက်သလဲ။)

#### Present Continuous Tense (am, is, are +Ving)

ယခုစကားပြောနေသည့်အချိန်တွင် မပြီးပြတ်သေးသောဖြစ်ရပ်၊ အနာဂတ်တွင် လုပ်ဆောင်ဖို့ စီစဉ်ပြီးသောဖြစ်ရပ်နှင့် 'always' အသုံးပြုရေးရတဲ့ စိတ်ပျက်စရာငြီးငွေ့စရာကောင်းတဲ့ ဖြစ်ရပ်များကို ဖော်ပြပြောဆိုရာတွင် Present Continuous Tense ကိုသုံးသည်။

**• Actions that are going on at the moment of speaking (ယခုစကားပြောနေသည့်အချိန်တွင် မပြီးပြတ်သေးသော ဖြစ်ရပ်)**

e.g. Look! The sun **is shining.** (ကြည့်လိုက်စမ်း။ နေသာနေတယ်။)

He **is talking** to his friend; he **isn't listening** to the teacher. (သူ့သူငယ်ချင်းကို စကားပြောနေတယ်။ ဆရာပြောတာကို နားမထောင်ဘူး။)

Why **are** you **making** so much noise? (ဘာလို့ ဆူညံသံတွေ လုပ်နေတာလဲ။)

**• Actions that will happen in the near future or future arrangements (အနာဂတ်တွင် လုပ်ဆောင်ဖို့ စီစဉ်ပြီးသော ဖြစ်ရပ်)**

e.g. We **are spending** next summer in Kalaw. (လာမယ့် နွေရာသီမှာ ကျွန်တော်တို့တွေ ကလောမြို့ကို သွားနေပြီ။)

Kyaw Thet **is not coming** home this week. (ကျော်သက် ဒီတစ်ပတ် အိမ်ပြန်မလာဘူး။)

When **are** you **leaving** the hotel? (မင်း ဘယ်အချိန် ဟိုတယ်ကနေ ထွက်ခွာမှာလဲ။)

**• Repeated actions (with adverbs like 'always') that are annoying ('always' အသုံးပြုရေးရတဲ့ စိတ်ပျက်စရာငြီးငွေ့စရာကောင်းတဲ့ဖြစ်ရပ်များ)**

e.g. Pa Pa is always asking silly questions. (ပပက ပေါ်ကြောင်ကြောင်မေးခွန်းတွေ အမြဲတမ်းမေးတယ်။)

Why are they always coming around here to borrow things? (သူတို့တွေ ပစ္စည်းငှားဖို့ ဘာလို့ ဒီကို အမြဲတမ်းလာနေရတာလဲ။)

**(A) Fill in the blanks with the correct uses of tenses: <u>Present Simple or Present Continuous Tense</u>.**

1. My mother (cook) ____________ breakfast for us every day.
2. What (you, do) __________now? I (wash) ____________ my face and hands.
3. He (not, write) ______________ his home task at the moment. He __________ (play) ________on the computer.
4. We usually (drink) _____________ coffee in the morning. But now, I (drink) ____________ tea.
5. Listen! She (sing) ___________ her favourite song. She (like) ___________ to sing a lot.
6. My friend always (have) ____________ breakfast before going to school. He (not, like) _________to eat somewhere else.
7. She can't go for a walk because she (help) __________ her parents about the house. She always (do) __________ it on Mondays.
8. Wait! Where (you, go) ______________? – I (go) ___________ to the shop to buy some bread.
9. How often (you, swim) ____________ in the lake in summer?
10. Look! A man (swim) ____________ in the lake.
11. Don't turn the TV on. The children (study) ___________ their lessons.
12. When (usually, he, get up) _________________? – He always (get up) ____________ at 6 o'clock. But today, he (still, sleep) ________________.
13. She (buy) ____________ a newspaper every day.
14. He (write) ____________ an e-mail at the moment.
15. These days I (read) _____________ a novel.

*************************

## Grade 12

**ယခင်တစ်ပတ်က Relative Clauses အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း Relative Clauses အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။**

**(C) Change the following sentences into possessive relative clauses, using "whose".**

1. The boy's bike was stolen. (complete sentence)
   The boy **whose bike was stolen** (relative clause)
2. The woman's car broke down.
3. The teacher's lessons are very interesting.
4. The dog's owner is my neighbour.
5. The man's wallet was lost yesterday.
6. The artist's paintings are displayed in the gallery.
7. The child's parents are doctors.
8. The student's homework was late.
9. The company's products are very popular.
10. The girl's dress is blue.
11. The tree's leaves are turning yellow.

**Relative clause (ဝါကျပိုင်း) ပြုလုပ်ပြီး ဝါကျမှာ အစားသွင်းတဲ့ ဥပမာလေးတွေကို လေ့လာကြည့်ပါ။**

**Relative clause ပြုလုပ်နည်း**

(1) Clause လုပ်ရမယ့် အရင်ဖြစ်ဝါကျကို ရွေးချယ်ပါ။
(2) သင့်တော်တဲ့ Relative pronouns ကိုသုံးပါ။ (who / whom / which / that / whose)
(3) ကျန်ဝါကျရဲ့ သက်ဆိုင်တဲ့ Noun အနားမှာ ကပ်ရေးပါ။

**e.g. (1) A woman answered the phone. She told me you were out.**

အမျိုးသမီးတစ်ယောက် ဖုန်းဖြေခဲ့တယ်။ မင်းအပြင်ထွက်သွားတယ်လို့ သူပြောတယ်။ ဒီဝါကျနှစ်ကြောင်းမှာ ဖုန်းကိုင်တာက အရင် အပြင်သွားတယ်လို့ပြောတာက နောက်ဝါကျဖြစ်တယ်။ အရင်ဖြစ်ဝါကျကို clause လုပ်ရမယ်။ A woman နဲ့ she တူတဲ့အတွက် ဝါကျပိုင်းကို A woman နဲ့စမယ်။ ယေဘုယျအားဖြင့်ပြောတဲ့အတွက် A woman ဖြစ်ပါတယ်။ The woman လို့ရေးလည်းရပါတယ်။ clause လုပ်မယ့် Noun က Subject နေရာမှာရှိတဲ့အတွက် လူ (Subject) ဖြစ်လို့ who နဲ့ရေးရမယ်။ ဒီတော့ A woman who answered the phone ဆိုပြီးဖြစ်သွားပါတယ်။ နှစ်ကြောင်းပေါင်းရေးတော့

Ans: A woman <u>**who answered the phone**</u> told me you were out. (ဖုန်းဖြေခဲ့တဲ့ အမျိုးသမီးက မင်းအပြင်ထွက်သွားတယ်လို့ ပြောခဲ့တယ်) ဆိုပြီးဖြစ်သွားပါတယ်။

(အထူးပြုမယ့် noun / pronoun ရှေ့က a / an ကို the ပြောင်းဖို့ မပြောင်းဖို့ဆိုရင် adj clause နဲ့အထူးပြုထားလို့ definite article (the) ပြောင်းရေးလဲမမှားပါဘူး။ ယေဘုယျသဘောပြောတာဆိုရင်တော့ မပြောင်းတာကောင်းပါတယ်။)

e.g. (2) **We met a salesgirl at Super One. She was very impatient.** စူပါဝမ်းမှာ အရောင်းစာရေးမတစ်ဦးကို ငါတို့တွေ့ခဲ့တယ်။ သူက စိတ်သိပ်မရှည်ဘူး။ ဒီဝါကျနှစ်ကြောင်းမှာ တွေ့တာက အရင်ဖြစ်လို့ ရှေ့စာကြောင်းကို clause လုပ်ရမယ်။ အရောင်းစာရေးမတစ်ဦးလို့ ယေဘုယျပြောတာဖြစ်တဲ့အတွက် A salesgirl ပေါ့။ The salesgirl လို့ရေးလည်း မမှားပါဘူး။ Clause လုပ်ရမည့် Noun က လူ Object ဖြစ်တဲ့အတွက် whom Sub + Verb ကို သုံးရပါမယ်။ ဒီတော့ A salesgirl whom we met ဆိုပြီးဖြစ်သွားပါတယ်။ နှစ်ကြောင်းပေါင်းရေးတော့ Ans: A salesgirl <u>**whom we met at Super One**</u> was very impatient. (စူပါဝမ်းမှာ ငါတို့တွေ့ခဲ့တဲ့ အရောင်းစာရေးက စိတ်သိပ်မရှည်ဘူး။) ဆိုပြီးဖြစ်သွားပါတယ်။

e.g. (3) **Our village pagoda has been rebuilt. It was destroyed by an earthquake.** ငါတို့ရွာက ဘုရားပြန်ပြင်ပြီးပြီ။ အဲ့ဒီဘုရားက ငလျင်ကြောင့် ပျက်စီးခဲ့တယ်။ အရင်ဖြစ်ရပ်ကို ကြည့်လိုက်တော့ ပျက်တာက အရင်၊ ဒါကြောင့် နောက်ဝါကျကို clause လုပ်ရပါမယ်။ It က Our village pagoda ကို နာမ်စားသုံးတာဖြစ်လို့ အရာဝတ္ထု (Subject) ဖြစ်ပါတယ်။ ဒါကြောင့် which/ that နဲ့ဆက်ပေးရပါမယ်။ ဒီတော့ Our village pagoda which/ that was destroyed by an earthquake ဆိုပြီးဖြစ်သွားပါတယ်။ နှစ်ကြောင်းပေါင်းရေးတော့ Ans: Our village pagoda <u>**which/that was destroyed by an earthquake**</u> has been rebuilt. (ငလျင်ကြောင့် ပျက်စီးခဲ့တဲ့ ငါတို့ရွာဘုရားကို ပြန်ပြင်ပြီးပါပြီ။) ဆိုပြီးဖြစ်သွားပါတယ်။

e.g. **(4) Did you receive the postcard? I sent it from Singapore.** မင်း ပို့စ်ကတ်ရခဲ့သလား။ ငါ အဲ့ဒါကို စင်ကာပူနိုင်ငံကနေ ပို့ခဲ့တယ်။ ဒီဝါကျနှစ်ကြောင်းမှာ အရင်ဖြစ်တဲ့ဝါကျက ပို့တဲ့ဝါကျ၊ it က the postcard ကို နာမ်စားသုံးထားတာ။ I sent it မှာ it က အရာဝတ္ထု (Obj) ဖြစ်နေတယ်။ ဒါကြောင့် which Subject + Verb ပုံစံရေးရမယ်။ ဒီတော့ the postcard which/ that I sent from Singapore ဆိုပြီးဖြစ်သွားပါတယ်။ နှစ်ကြောင်းပေါင်းရေးတော့ Ans: Did you receive the postcard <u>**which/ that I sent from Singapore?**</u> (ငါ စင်ကာပူနိုင်ငံက ပို့လိုက်တဲ့ ပို့စ်ကတ်ရလား။) ဆိုပြီး ဖြစ်သွားပါတယ်။

**အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။**

# တာချီလိတ်မြို့ ရွှေတိဂုံပုံတူစေတီတော် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**တာချီလိတ် မေ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရွှေတိဂုံပုံတူစေတီတော် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဘုရား၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်္ဂလာရွှေစောင်းတော်နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ဖြင့်ပူဇော်ပြီး မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ဆက်လက်၍ ဘုရားဒါယကာ၊ ဒါယိကာမများ ကိုယ်စား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ဇနီးတို့က ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော်များထံ ဆက်ကပ်ခြင်းနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်း တောင်တန်းသာသနာပြုဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုခမိန္ဒ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပါဝင်လှူဒါန်းပေးကြသည့် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်)ဆရာတော်နှင့် ဒါယကာ တစ်ဦးတို့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို အောင်စံပယ်ပန်းများချိတ်ဆွဲ၍ ပရိတ်နံ့သာရည် ပက်ဖျန်းကာ မင်္ဂလာအခါတော်တွင် မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။ ယင်းနောက် အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားပြီး ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးပေးကြသည်။



ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ရွှေတိဂုံပုံတူစေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူပေးကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရေစီးရေလာကောင်းမွန်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ ကော်မတီဝင်များ၊ ဌာနများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တာမွေမြို့နယ်နှင့် ဒဂုံမြို့နယ်တို့သို့ သွားရောက်၍ ရေစီးရေလာကောင်းမွန်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် တာမွေမြို့နယ် အာသောကလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် နတ်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် အလုံလမ်းထောင့်ရှိ တည်ဆောက်ဆဲ GRAND GOLDEN VIEW TOWER-III လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# တာမွေမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေများလှူဒါန်း

**ရန်ကုန် မေ ၂၇**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂၆ ရက် နံနက်ပိုင်းတွင် တာမွေမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက တာမွေမြို့နယ် တာမွေလေးရပ်ကွက်ရှိ မြနန္ဒာကမ္ဘောဇကျောင်းတိုက်သို့ ရေဂါလန် ၂၀၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**




# မြောင်းမြခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

**မြောင်းမြ မေ ၂၇**

ဧရာဝတီတိုင်း ဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားမှူး ဒေါ်စန္ဒာကြည်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြောင်းမြမြို့နယ် စာရေးဆရာအသင်းနာယက ဆရာကြီး ဦးခင်စိုး(မောင်ပညာ)က ဆောင်းပါးရေးသားနည်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြောင်းမြမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာကြီး ဦးကျင်စိုး (မောင်လှိုင်းသစ်-ချစ်စရာမြေ)က NFPE၊ ဝတ္ထုရေးသားနည်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြောင်းမြမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာ ဦးညီဌေး (နေခြည်မောင်-မြောင်းမြ) က ကဗျာရေးသားနည်းနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# ဒက္ခိဏသီရိမြို့နယ် လယ်မြေများ၌ သစ်စိမ်းမြေဩဇာမျိုးစေ့ ကြဲပက်

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာ တောင်သူ ဦးမောင်ဝင်း၏ လယ်ယာမြေ ဧရိယာ သုည ဒသမ ၁၀ ဧကခန့် လျှောင်ဒဏ်ကြောင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်နေမှုကို ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။


ထိုသို့စစ်ဆေးရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေစမ်းသပ်ခြင်း၊ စိုက်ပျိုးရေးအတွက် ထိခိုက်မှုမရှိစေရေး ထွန်စက်ဖြင့် မြေပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်မျိုးစေ့) ကြဲပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ တောင်သူ ဦးဝင်းမြင့်၏ ပျိုးထောင်ထားရှိသော စပါးပင်များစိုက်ပျိုးဆောင်ရွက်နေမှုကို ကြည့်ရှုပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်နိုင်က နွေစပါးစိုက်တောင်သူများ ရေအခက်အခဲကြောင့် စိုက်ခင်းများ အောင်မြင်မှုနှင့် အပင်ပွားနှုန်းများ ကုစားမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဒက္ခိဏ(ပြန်/ဆက်)**





# ယနေ့ခေတ် လူတန်းစားများ ပေါ်ထွက်စေခဲ့သည့် နည်းပညာ

**နီဇော်သစ်**

* * * * * *

ပြီးခဲ့သည့် ဧပြီလ ၁၄ ရက်နေ့က တင်ပြခဲ့သည့်အတိုင်း ယမ်းမှုန့်နည်းပညာသည် ပြောင်းရှည်သေနတ်များ ဖြစ်လာစေခဲ့သလို သင်္ဘောများ၏ အမြောက်ပစ်အားကို မြင့်တက်စေခဲ့သည်။ ယင်းမှာ သံလိုက်အိမ်မြှောင်၊ နက္ခတ္တဗေဒ၊ သင်္ဘောတည်ဆောက်ခြင်းနည်းတို့ အပါအဝင် အခြားတိုးတက်လာသော နည်းပညာများနှင့်ပေါင်းစပ်ကာ သမုဒ္ဒရာစိုးမိုးရေးကို ပိုမိုပီပြင်လာစေခဲ့သည်။ တစ်ဖက်တွင် ပုံနှိပ်စက်နည်းပညာ ပေါ်ထွက်လာခြင်းကြောင့် အသိပညာတိုးတက်မှု အရှိန်မြင့်လာခြင်းသည် သဘာဝတ္ထပညာ သို့မဟုတ် သဘာဝသိပ္ပံပညာကို တိုးတက်စေခဲ့ရာ ထိုအထဲတွင် ရူက္ခဗေဒ၊ ဘူမိဗေဒတို့လည်း ပါဝင်သည်။ အထူးသဖြင့် မြေပုံနည်းပညာ တိုးတက်လာခြင်းနှင့် မြေပုံများ၊ ရေကြောင်းလမ်းညွှန်ချက်များကို ပုံနှိပ်ထုတ်ဝေနိုင်ခြင်းတို့သည်လည်း အရေးကြီးသည့် အခန်းကဏ္ဍများဖြစ်သည်။ ထိုအရာများ ပေါင်းစပ်ကာ ဥရောပ၏ ပထမ ကိုလိုနီလှိုင်းကို ဖြစ်စေခဲ့သည်။

ပထမ ကိုလိုနီလှိုင်းတွင် စပိန်၊ ပေါ်တူဂီ၊ ဗြိတိန်၊ ပြင်သစ်၊ နယ်သာလန်တို့ အမေရိကကို ကိုလိုနီပြုခြင်းမှာ အသိသာအထင်ရှားဆုံးဖြစ်သည်။ အာဖရိကကိုမူ အလုံးစုံသိမ်းပိုက်ခြင်းမျိုးမရှိသေး။ ကမ်းရိုးတန်းရှိ ကုန်သွယ်စခန်းများကို သိမ်းပိုက်ထားခြင်းသာ ရှိသေးသည်။ သို့သော် ကျွန်ပြုသည့်စနစ်ထွန်းကားခဲ့ရာ အာဖရိကမှ သန်းနှင့်ချီသော ဌာနေတိုင်းရင်းသားတို့ကို ကျွန်ပြု၍ အမေရိကသို့ပို့ခဲ့သည်။ သကြား၊ ဆေးရွက်ကြီး၊ ချည်၊ ဟင်းခတ်အမွှေးအကြိုင်များ၊ လက်ဖက်ခြောက်၊ ရွှေ၊ ငွေတို့ ကုန်သွယ်ခြင်းဖြင့် သမုဒ္ဒရာကိုစိုးမိုးသော ဥရောပသားတို့သည် ပိုမိုကြွယ်ဝလာကြသည်။ ထိုကြွယ်ဝမှုကို အသိပညာနယ်ပယ်တွင် တိုးချဲ့အသုံးပြုလာနိုင်ခြင်းကြောင့် တစ်ဖက်တွင် စူးစမ်းလေ့လာရေးခေတ်မှ ကိုလိုနီခေတ်သို့ ကူးပြောင်းလာသလို တစ်ဖက်တွင် ဉာဏ်အလင်းပွင့်ခေတ်မှ ခေတ်သစ်ဦး သို့မဟုတ် မော်ဒန်ခေတ်ဦးသို့ ပြောင်းလာခဲ့သည်။

ဉာဏ်အလင်းပွင့်ခေတ်မှ မော်ဒန်ခေတ်ဦးသို့ပြောင်းသည့် ကြားကာလတွင် နည်းပညာအသစ်မျိုးစုံ ပေါ်ထွက်ထွန်းကားလာခဲ့သည်။ ဉာဏ်အလင်းပွင့်ခေတ် ကမ္ဘာကျော်များဖြစ်ကြသော ဂယ်လီလီယိုနှင့် နယူတန်တို့၏ တယ်လီစကုပ်များနှင့် နက္ခတ်ပညာတို့မှာ ရေကြောင်းသွားလာရေးအပြင် သိပ္ပံပညာထွန်းကားရန်အတွက် များစွာအထောက်အကူဖြစ်စေခဲ့သည်။ နယူတန်၏ ခေတ်ပြိုင် ဟိုင်ဂင်၏ ချိန်သီးနာရီတီထွင်မှုမှာလည်း အချိန်သတ်မှတ်မှုကို ပိုမိုတိကျစေခဲ့သည်။ တယ်လီစကုပ်ပေါ်လာသလို တစ်ဖက်တွင် မိုက်ခရိုစကုပ်ပေါ်လာရာ ဇီဝဗေဒကို တစ်ခေတ်ဆန်းစေသည်။

စိုက်ပျိုးရေးဘက်တွင်လည်း နည်းပညာအသစ်များ ပေါ်ထွက်ခဲ့သည်။ အစေ့ချစိုက်ပျိုးစက်၊ ခြွေလှေ့စက်များ ပေါ်ထွက်လာသည့်အပြင် ထယ်နည်းပညာလည်း တိုးတက်လာသည်။ ယင်းတို့က ဒုတိယမြောက် စိုက်ပျိုးရေးတော်လှန်ရေးကို ဦးတည်သွားစေပြီး မြို့ပြပြုခြင်းနှင့် စက်မှုလုပ်အားတို့ကို အထောက်အကူဖြစ်စေခဲ့သည်။ ချည်ထည်လုပ်ငန်း၌လည်း နည်းပညာအသစ်များ ပေါ်ထွက်လာသည်။ ၎င်းတို့မှာ ဗိုင်းငင်စက်နှင့် စက်ရက်ကန်းများဖြစ်သည်။ လျှပ်စစ်ပညာပိုင်းတွင်လည်း စမ်းသပ်မှုအချို့စတင်နေပြီး နောက်ပိုင်းဘက်ထရီနှင့် မော်တာများဖြစ်လာရန် အစပြုနေပြီဖြစ်သည်။

သို့သော် ထိုနည်းပညာအများအပြားထဲတွင် အထွေထွေသုံးနည်းပညာအဖြစ် သမိုင်းကို ပြောင်းလဲနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့သည့် နည်းပညာမှာ ရေနွေးငွေ့သုံးအင်ဂျင်ဖြစ်သည်။ သတ္တုမိုင်းတွင်းများမှ ရေစုပ်ထုတ်ရန် ကြံစည်ခဲ့သည့် နည်းပညာသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို များစွာပြောင်းလဲစေခဲ့သည်။ ထို့ပြင် သိပ္ပံပညာတိုးတက်ထွန်းကားရေးကိုလည်း များစွာအထောက်အကူဖြစ်စေခဲ့သည်။

ရေနွေးငွေ့ပါဝါသည် နေ့ချင်းညချင်း တိုးတက်လာသည့် နည်းပညာမဟုတ်။ အခြားနည်းပညာများလိုပင် အချိန်ယူတည်ဆောက်လာသည့် နည်းပညာဖြစ်သည်။ ကနဦးကြံစည်ခဲ့ကြသည်မှာ အေဒီ ၁ ရာစုကတည်းကပင်။ ရောမခေတ် ဂရိတွေးခေါ်ပညာရှင် ဟီးရိုးအော့ဖ် အလက်ဇန္ဒြီးယားက အေအိုလီပိုင်းဟုခေါ်သော ရေနွေးငွေ့အားသုံးပြီး လည်ပတ်သည့် စက်တစ်မျိုးကို စမ်းသပ်တီထွင်ခဲ့ခြင်းဖြစ်သည်။ လက်တွေ့ဖြစ်မလာခဲ့သော်လည်း ထိုစိတ်ကူးမှာ ထိုအချိန်ကတည်းက စတင်ခဲ့သည်ဟုတော့ ပြောနိုင်သည်။

ပထမဆုံး လက်တွေ့သုံးနိုင်သည့် ရေနွေးငွေ့အင်ဂျင်ကို သောမတ်ဆာဗရီက ၁၆၈၉ ခုနှစ်တွင် တီထွင်ခဲ့သည်။ သတ္တုမိုင်းများအတွင်း လျှံနေသောရေများကို စုပ်ထုတ်ရန် ရည်ရွယ်တီထွင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း အင်ဂျင်များနှင့်ယှဉ်လျှင် ပစ္စတင်မပါခြင်း၊ ဖိအားနည်းခြင်းတို့ကြောင့် လုပ်ဆောင်နိုင်စွမ်းနိမ့်ကျခဲ့သည်။ ပစ္စတင်တစ်လုံးတပ်ပထမဆုံး ရေနွေးငွေ့အင်ဂျင်ကို သောမတ်နယူးကိုမင်းက ၁၇၁၂ ခုနှစ်တွင် တီထွင်ခဲ့သည်။ လေထုဖိအားကို အသုံးပြုခြင်းကြောင့် လုပ်ဆောင်နိုင်စွမ်းတက်လာသည်။ စွမ်းဆောင်ရည်နိမ့်သေးသော်လည်း လေထုဖိအားနှင့် ပစ္စတင်တို့ကို သုံးခြင်းမှာ ကြီးမားသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ အကြံတူ နောက်လူသာစမြဲဆိုသလို နယူးကိုမင်း၏ ရေနွေးငွေ့အင်ဂျင်ကို ဂျိမ်းဝပ်က ပြုပြင်မွမ်းမံလိုက်ပြီးနောက်ပိုင်း ရေနွေးငွေ့အင်ဂျင်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်လာကြသည်။ ရေနွေးငွေ့အင်ဂျင်ဆိုလျှင် ဂျိမ်းဝပ်ဆိုသည့်နာမည်နှင့်တွဲပြီး မြင်သည်အထိအောင်ပင်။

သတ္တုမိုင်းများမှ ရေစုပ်ထုတ်ရန်အတွက်သာ ရည်ရွယ်ခဲ့သည့်တိုင် အင်ဂျင်၏ လုပ်အားသည် အခြားနေရာများစွာသို့ ပျံ့နှံ့နိုင်ကြောင်း တွေ့လာရသည်။ စက်ရုံများတွင်လည်း ရေနွေးငွေ့အင်ဂျင်များ သုံးနိုင်ကြောင်း သိလာသည်။ ယခင်က စက်ရုံများသည် ရေဒလက်အားကိုသုံးပြီး လည်ပတ်ရရာ မြစ်နီးကမ်းနီးတည်ကြရသည်။ ရေနွေးငွေ့အင်ဂျင်ဖြင့် စက်များကို လည်ပတ်နိုင်ချိန်တွင် စက်ရုံလုပ်ငန်းပိုမိုထွန်းကားလာသည်။ စက်ရက်ကန်းများကို ရေနွေးငွေ့အင်ဂျင်ဖြင့် လည်ပတ်နိုင်ချိန်တွင် ချည်ထည်လုပ်ငန်းမှာ ပါဝါပြန်လည်ဖြန့်ဝေမှုနှင့် ရင်ဆိုင်လိုက်ရသည်။ ယခင်က အိန္ဒိယမှ ချည်ထည်များကို တင်သွင်းနေရသော ဗြိတိန်သည် စက်ရက်ကန်းရသွားပြီးနောက် အိန္ဒိယထက် ချည်ထည်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ရာ အိန္ဒိယချည်ထည်လုပ်ငန်း ပျက်စီးသည်အထိဖြစ်ခဲ့သည်။

၁၉ ရာစုအတွင်း ရေနွေးငွေ့အင်ဂျင်များကို ပိုမိုကောင်းမွန်အောင် မွမ်းမံနိုင်ခဲ့ပြီးနောက် မီးသင်္ဘောများ၊ မီးရထားများပေါ်လာရာ အလွန်ကြီးမားသော ပါဝါပြန်လည်ဖြန့်ဝေမှုကို ဖြစ်စေခဲ့သည်။ မီးသင်္ဘောများ၊ မီးရထားများ၊ ရေနွေးငွေ့အင်ဂျင်များသုံးနိုင်သော နိုင်ငံများသည် စက်မှုနိုင်ငံများဖြစ်လာပြီး အမီမလိုက်နိုင်သော နိုင်ငံများထက် အဘက်ဘက်တွင် ရှေ့ပိုရောက်ခဲ့သည်။

ရေနွေးငွေ့အင်ဂျင်သည် စိုက်ပျိုးရေးအခြေပြုစီးပွားရေးမှ စက်မှုအခြေပြုစီးပွားရေးသို့ အသွင်ကူးပြောင်းစေသည်။ မြေရှင်ပဒေသရာဇ်များမှ ဆင်းသက်လာသော မြေရှင်ယာရှင်ကြီးများ ဦးဆောင်သည့်ခေတ် ကုန်ဆုံးသွားပြီး စက်မှုလုပ်ငန်းအရင်းရှင်များနှင့် အလုပ်သမားလူတန်းစားတို့ကို ပေါ်ထွက်လာစေသည်။ ဒုတိယကိုလိုနီလှိုင်း၏ ပိုမိုကျယ်ပြန့်သော လက်တံများကြောင့် ကမ္ဘာ့ဈေးကွက်များဖြစ်လာပြီး ကိုလိုနီပြုသည့်နိုင်ငံများကို ပိုမိုချမ်းသာလာစေသည်။

ထို့ကြောင့် ရေနွေးငွေ့အင်ဂျင်တီထွင်မှုသည် စက်ယန္တရားတီထွင်မှုသက်သက်မဟုတ်တော့။ ခေတ်သစ်တစ်ခု၏ ပြယုဂ်ဖြစ်ခဲ့သည်။ သတ္တုမိုင်းရေစုပ်စက်လေးမှသည် ကမ္ဘာ့လူသားတို့၏ ဘဝအမျိုးမျိုးကို ပြောင်းလဲသွားစေသော အထွေထွေသုံးနည်းပညာတစ်ရပ် ဖြစ်လာသည်။ ရေနွေးငွေ့အင်ဂျင်၏ ပါဝါပြန်လည်ဖြန့်ဝေမှုသည် ယနေ့ခေတ်အထိ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဟူ၍ ကွဲပြားအောင် ဂယက်ရိုက်နေဆဲဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်ကဗျာဆရာကြီး ဝီလျံဝဲ့ဒ်စ်ဝေါ့သ်က "ယမ်းမှုန့်က စစ်ပွဲတွေအတွက် လုပ်ပေးခဲ့တာမျိုးကို ရေနွေးငွေ့အင်ဂျင်က လူတွေရဲ့စိတ်အတွက် လုပ်ပေးခဲ့တယ်"ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ ။

## ပွါတိုရီကိုတွင် နေမုန်တိုင်းကြောင့် အမှောင်ကျခဲ့

အမေရိကန်ပိုင်နက် ကာရစ်ဘီယန်ကျွန်းတစ်ကျွန်းဖြစ်သည့် ပွါတိုရီကိုတွင် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က နေမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်သွားပြီး လူ ၁ ဒသမ ၄ သန်းခန့် အမှောင်ကျသွားခဲ့သည်။

ကျွန်းအာဏာပိုင်များက လျှပ်စစ်စနစ်များ ပြတ်တောက်သွားနိုင်ကြောင်း ကြေညာပြီး မကြာခင်မှာပင် အားကောင်းသည့် ဘူမိသံလိုက်မုန်တိုင်းတစ်ခု ရိုက်ခတ်လာပြီး တစ်ကျွန်းလုံး လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ခြင်းဖြစ်သည်။

ဘူမိသံလိုက်မုန်တိုင်းဆိုသည်မှာ နေမုန်တိုင်းမှ လွင့်လာသည့်ဆိုလာပလာစမာအချို့က ကမ္ဘာကြီး၏ သံလိုက်စက်ကွင်းကို ရိုက်ခတ်ပြီး ကမ္ဘာပေါ်တွင် ဖြစ်လာသည့် လှိုင်းတစ်မျိုးဖြစ်သည်။

သီးခြားရပ်တည်သည့် အာကာသ ရာသီဥတု ရူပဗေဒပညာရှင် ဒေါက်တာ တမီသာ စကော့ဗ်က ယင်းမှာ ဂျီ-၄ အဆင့်ရှိ ဘူမိသံလိုက်မုန်တိုင်းဖြစ်သည်ဟု အတည်ပြုသည်။ ဘူမိသံလိုက်လှိုင်းများကို ဂျီ-၁ မှ ဂျီ-၅ အထိအဆင့်များ ခွဲထားရာ ဂျီ-၄ သည် အတော်ပြင်းထန်သည့် မုန်တိုင်းအဆင့်ဖြစ်သည်။

ကျွန်းပေါ်တွင် လျှပ်စစ်မီးပြတ်တောက်မှုမှာ နေရာအလိုက် ၂၄ နာရီမှ ၄၈ နာရီအထိ ကြာမြင့်ခဲ့သည်။ ထိုသို့ လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ကျွန်းပေါ်မှ အကြီးဆုံးဈေးဝယ်စင်တာကြီးများပင် ပိတ်လိုက်ရသည်။ လေဆိပ်နှင့် ဆေးရုံများမှာ အရန်လျှပ်စစ်မီးဖြင့် လည်ပတ်ခဲ့ရသည်။

ဒေါက်တာ စကော့ဗ်က "ဧပြီလ ၁၂ ရက်နေ့နဲ့ ၁၃ ရက်နေ့မှာ ဖြစ်တည်ခဲ့တဲ့ သီးခြားအမျှင်သုံးခုရဲ့ အကျိုးဆက်ပါ။ အဲဒီအမျှင်သုံးခုက နေမုန်တိုင်းတစ်ခုတည်းကနေ ဖြစ်လာခဲ့တာ။ အဲဒီထဲက ဒုတိယမြောက်အမျှင်တန်းက ကမ္ဘာကိုလာပြီး ရိုက်ခတ်ခဲ့တာပါ"ဟု ဆိုသည်။

ကမ္ဘာသည် နေမုန်တိုင်း ရိုက်ခတ်မှုကို ယခင်ကလည်း အကြိမ်ကြိမ်ခံခဲ့ရဖူးပြီး အပြင်းထန်ဆုံးမှာ ၁၈၅၉ ခုနှစ်က ဖြစ်ပွားခဲ့သည့် ကာရင်တန်ဖြစ်စဉ်ဖြစ်သည်။ ထိုစဉ်က နေမုန်တိုင်းသည် ကမ္ဘာတစ်ခွင်လုံးကို ရိုက်ခတ်ခဲ့ပြီး ကြေးနန်းခေတ်ဖြစ်၍ ဥရောပနှင့် မြောက်အမေရိကရှိ ကြေးနန်းလုပ်ငန်းများအားလုံးကို ထိခိုက်ခဲ့သည်။ ထိုအင်အားမျိုးဖြင့်သာ ယနေ့ခေတ် တိုက်ခတ်ခံရလျှင် ကမ္ဘာတစ်ဝန်းရှိ လျှပ်စစ်မီးအားလုံး ပြတ်တောက်သွားနိုင်သည့်အပြင် ဂျီပီအက်စ်စနစ်နှင့် ဂြိုဟ်တုများပါ ထိခိုက်ပျက်စီးသွားနိုင်သည်။

၂၀၁၂ ခုနှစ်တုန်းက ထိုကဲ့သို့ဖြစ်ရပ်မျိုးနှင့် ရင်ဆိုင်ရရန် နီးစပ်ခဲ့ပြီး သီတင်းတစ်ပတ်စာမျှသာ ကပ်လွဲသွားခဲ့သည်။ အကယ်၍ ရိုက်ခတ်ခံခဲ့ရပါက ကမ္ဘာ့နည်းပညာကပ်ဘေးကြီးဆိုက်သွားမည်ဟု အမေရိကန်အာကာသအေဂျင်စီ နာဆာက ဆိုသည်။

**Ref: Daily Mail**



© EPA

# ပေါင်းတည်မြို့နယ်၌ မတ်ပဲ ဈေးကောင်းရရှိရေးနှင့် အကျိုးအမြတ်ပိုမိုရရှိရေး တောင်သူများမျှော်လင့်

ပေါင်းတည် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယခုရက်သတ္တပတ်အတွင်း ပဲပေါ်စ အဖွင့်ဈေးနှုန်းကောင်းမွန်စပြုလာ၍ ယခုလနောက်ဆုံးပတ်အတွင်း ဒေသခံကောက်ပဲသီးနှံ အဝယ်ဒိုင်များသို့ မတ်ပဲများ ရောင်းချလာကြသည်။

**မျှော်လင့်လျက်ရှိ**

သကြၤန်ရက်များ မတိုင်မီက ပေါက်ဈေးဖြင့် ရောင်းချခဲ့ကြသည့် တောင်သူများလည်းရှိခဲ့ပြီး ငွေကြေးဖူလုံသည့် တောင်သူများအနေဖြင့် ကြိုက်ရောင်းကြိုက်ဝယ် စနစ်ဖြင့် မိမိတို့ပဲကို လက်ဝယ်ထားရှိလျက် ယခုဒေသပေါက်ဈေးထက် ဈေးကောင်းရရှိရေး၊ အကျိုးအမြတ် ပိုမိုခံစားနိုင်စေရေး ဆက်လက်မျှော်လင့်လျက်ရှိကြောင်း သိရသည်။



ယခု လကုန်ရက်များအတွင်း မတ်ပဲ ရောင်းချလျက်ရှိကြရာ မတ်ပဲဈေးနှုန်းများမှာ အချိန်နှင့်အမျှ ပြောင်းလဲနိုင်သေးကြောင်းကိုလည်း ဒေသခံပဲမျိုးစုံနှင့် ဆီထွက်သီးနှံအဝယ်ဒိုင်များထံမှ သိရသည်။

**ရွှေသား(IPRD)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ကြီးချမ်းသာ မဟာစေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၂၇

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် ပြည်ထောင်စုလမ်းပေါ်ရှိ ပြည်ကြီးချမ်းသာမဟာစေတီတော်ကြီး(မြို့ဦးစေတီ)၌ မေ ၂၇ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ပြည်ကြီးချမ်းသာမဟာစေတီတော်ကြီး(မြို့ဦးစေတီ)၏ အထက်ပစ္စယံနှင့် ဘုရားရင်ပြင်တော်ပေါ်တို့တွင် အမှိုက်သရိုက်များရှင်းလင်းဖယ်ရှားခြင်း၊ ရေဖြင့်ဆေးကြောခြင်း အစရှိသည်တို့ကို ကုသိုလ်ပြုဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဘုရားဂေါပကဥက္ကဋ္ဌ ဦးဖြိုးမင်းအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘုရားဂေါပကအဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ရီ**

# ပခုက္ကူမြို့၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေး စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေး ရှင်းလင်းဆွေးနွေး

ပခုက္ကူ မေ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ပြည်သူများ စားဝတ်နေရေးအဆင်ပြေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်များဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များအား အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြဧရာ(၁)ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးရဲကျော်စွာက ကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချရာတွင် အကျိုးအမြတ်ရရှိရေးထက် ဈေးနှုန်းတည်ငြိမ်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးဝေဠုအောင်က ခရိုင်အတွင်း ကုန်စည်များပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တက်မှုများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးနေမှုများအကြောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းကာ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**




## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ် လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တ အနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်း စေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည် တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၅)

# ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်ကိုပါဒယ်ရေးဖလား (၃၂)ကြိမ်မြောက်ဆွတ်ခူး

ဧပြီ ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘာစီလိုနာအသင်းနဲ့ ရီယဲလ်မက်ဒရစ်အသင်းတို့ရဲ့ စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာဘာစီလိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်ကိုပါဒယ်ရေးဖလားကို (၃၂)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုကစားခဲ့ရာမှာ ပွဲကစားချိန် ၁၁၆ မိနစ်မှာ ဘာစီလိုနာအသင်းက ဂျူးလ်ကွန်ဒီရဲ့ သွင်းဂိုး တစ်ဂိုးရရှိခဲ့တာကြောင့် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ စပိန်ကိုပါဒယ်ရေးဖလားကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ချေပဂိုးနဲ့ အနိုင်ဂိုးတွေ ပြန်လည်ရရှိရေး ကြိုးစားခဲ့ပေမယ့် အချိန်ပိုပွဲချိန်အလွန် နာကျင်အချိန်ပို သုံးမိနစ်မှာ ရူဒီဂျာနဲ့ လူးကတ်ဘတ်စကွတ်၊ လေးမိနစ်မှာ ဘယ်လင်ဂမ်တို့ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းက ရီးယဲမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နည်းပြဟန်စီဖလစ်အတွက် ဘာစီလိုနာအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့နောက်ပိုင်း အယ်လ်ကလက်စီကို ပွဲစဉ် သုံးပွဲစလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းက စပိန်ကိုပါဒယ်ရေးဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် တစ်ရာသီအတွင်း ဖလားသုံးလုံးကို ဆွတ်ခူးနိုင်မယ့်မျှော်လင့်ချက်ရှိနေတာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ စပိန်လာလီဂါပြိုင်ပွဲမှာ အမှတ်ပေးဇယားအဆင့်ထိပ်ဆုံးမှာ ရပ်တည်နေသလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်မှာ အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ ရှိနေတာဖြစ်ပါတယ်။



# ခရစ္စတယ်ပဲလေ့စ်အသင်း ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အက်ဖ်အေဖလား ဗိုလ်လုပွဲတက်လှမ်း

ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ ဧပြီ ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ် အသင်းက အက်စ်တွန်ဗီလာ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ် အသင်းနဲ့ အက်စ်တွန်ဗီလာ အသင်းတို့ရဲ့ ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၃၁ မိနစ်မှာ အက်ဇီးက တစ်ဂိုး၊ ၅၈ မိနစ်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို လေးမိနစ်တို့မှာ အစ္စမေလာဆားက နှစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။



ခရစ္စတယ်ပဲလေ့စ် အသင်းက အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဟာ ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလား ဗိုလ်လုပွဲ တက်လှမ်းခဲ့တာဖြစ်ပြီး နည်းပြအိုလီဗာ ဂလက်စ်နာကတော့ ခရစ္စတယ်ပဲလေ့စ် အသင်းကို အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တတိယအကြိမ်မြောက် တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်အသင်းဟာ အက်ဖ်အေဖလား တစ်ကြိမ်မျှ ရယူဆွတ်ခူးနိုင်ခဲ့ခြင်း မရှိသေးပေ။ လက်ရှိအချိန်မှာ အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဗိုလ်လုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

# လက်စတာစီးတီးအသင်း တိုက်စစ်မှူး ဗာဒီ အသင်းနဲ့ လမ်းခွဲတော့မည်

လက်စတာစီးတီးအသင်းခေါင်းဆောင် ဗာဒီဟာ ယခုဘောလုံးရာသီကုန်မှာ အသင်းနဲ့ လမ်းခွဲတော့မှာဖြစ်တယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ဗာဒီဟာ လက်စတာစီးတီးအသင်းနဲ့ လမ်းခွဲမယ်ဆိုပေမယ့် ကစားသမားဘဝကိုတော့ ဆက်လက်ရပ်တည်နေမှာ ဖြစ်ပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗာဒီဟာ ၂၀၁၂ ခုနှစ်အတွင်းက လက်စတာစီးတီးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ပရီမီယာလိဂ်သွင်းဂိုး ၁၄၃ ဂိုး သွင်းယူထားတာကြောင့် လက်စတာစီးတီးအသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ထားတာ ဖြစ်ပါတယ်။ ဒါ့ပြင် လက်စတာစီးတီးအသင်းနဲ့ အတူ ပြိုင်ပွဲစုံ ပွဲစဉ် ၄၉၈ ပွဲမှာ ၁၉၈ ဂိုးအထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။

ဗာဒီဟာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ပရီမီယာလိဂ်သွင်းဂိုး ၂၄ ဂိုး သွင်းယူပေးခဲ့ပြီး လက်စတာစီးတီးအသင်းကိုလည်း အသင်းရဲ့ သမိုင်းတစ်လျှောက် ပထမဆုံး ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ ဘောလုံးရာသီမှာတော့ လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ် ပွဲစဉ် (၃၄)အပြီးမှာ ရမှတ် ၁၈ မှတ်သာ ရရှိခဲ့ပြီး အဆင့်(၁၉) နေရာမှာ ရပ်တည်နေတာကြောင့် ပရီမီယာလိဂ် ကနေ တန်းဆင်းဖို့ သေချာသွားပြီလည်း ဖြစ်ပါတယ်။



ငွေကြယ် - ရေးသားသည်

# ဆဲလ်တစ်အသင်း စကော့တလန်ပရီမီယာရှစ်ဖလား လေးနှစ်ဆက်ဆွတ်ခူး




ဆဲလ်တစ်အသင်းဟာ ဧပြီ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စကော့တလန် ပရီမီယာရှစ်ပွဲစဉ်မှာ ဒန်ဒီးယူနိုက်တက်အသင်းကို ငါးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးနောက် စကော့တလန် ပရီမီယာရှစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

နည်းပြ ဘရန်ဒန်ရော်ဂျာရဲ့ ဆဲလ်တစ်အသင်းက လက်ရှိမှာ စကော့တလန် ပရီမီယာရှစ်ဖလားကို ဘောလုံးရာသီ ၁၄ ရာသီအတွင်း (၁၃)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဆဲလ်တစ်အသင်းအနေနဲ့ အခုဘောလုံးရာသီမှာ တတိယအကြိမ်မြောက် လိဂ်သွင်းဂိုး ၁၀၀ ပြည့်အထိ သွင်းယူနိုင်ခဲ့တဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။ ဆဲလ်တစ်အသင်းဟာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကလည်း လိဂ်သွင်းဂိုး ၁၀၀ အထိရရှိအောင် သွင်းယူနိုင်ခဲ့ဖူးတာ ဖြစ်ပါတယ်။

ဆဲလ်တစ်အသင်းဟာ ပွဲစဉ်(၃၄)အပြီးမှာ ရမှတ် ၈၄ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာက ရိန်းဂျားစ်အသင်းအနေနဲ့ ရာသီပြီးဆုံးချိန်တွင် ရမှတ် ၈၁ မှတ်သာ အများဆုံးရရှိနိုင်တာကြောင့် ဆဲလ်တစ်အသင်းက စကော့တလန် ပရီမီယာရှစ်ဆုဖလားကို ရာသီမသိမ်းမီ ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆဲလ်တစ်အသင်းအနေနဲ့ စကော့တလန်ပရီမီယာရှစ်ဆုဖလားကို (၅၅)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာကြောင့် ရိန်းဂျားစ်အသင်းရဲ့ ဆုဖလားရရှိမှုကိုလည်း လိုက်မီခဲ့ပြီဖြစ်ပါတယ်။ နည်းပြဘရန်ဒန်ရော်ဂျာကတော့ ဆဲလ်တစ်အသင်းနဲ့ အတူ ဆုဖလား ၁၁ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဗိုလ်တထောင်မြို့နယ်၊ ဗဟိုပစ္စည်းထိန်းဌာနဝင်းအတွင်းရှိ အလျား ၁၅၅' x အနံ ၃၆' x အမြင့် ၃၀' အရွယ် ဗဟိုပစ္စည်းထိန်းရုံး ပင်မရုံးအဆောက်အဦအား အကြီးစားပြုပြင်မွမ်းမံပေးခြင်းလုပ်ငန်း။ | ၁ | Lot(1) |
| (ခ) | ရန်ကုန်တိုင်းဒေသကြီး၊ ဆူးလေဆိပ်ခံတံတားအမှတ်(၄)ရှိ Vertical Fender Line စုစုပေါင်း(၂၁)လိုင်းအား Rubber Fender များ အသစ်တပ်ဆင်ခြင်းလုပ်ငန်း။ | ၁ | Lot(2) |
| (ဂ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၁၂၀' x ၂၀' x ၆'-၆'' အရွယ် ဆိပ်ခံဖော (၂)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(3) |
| (ဃ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၃၀' x ၂၀' x ၅'-၆'' အရွယ် တံတား ခံဖော (၂)လုံးနှင့် ၄၀' x ၂၀' x ၅'-၆'' အရွယ် တံတားခံဖော (၁)လုံးတို့အား အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်း။ | ၁ | Lot(4) |
| (င) | ပန်းဆိုးတန်းဆိပ်ကမ်းနယ်မြေနှင့် ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေတို့ရှိ သံစည်ဖွဲ့ ဆိပ်ခံဖောတံတားများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ၄၀'x၁၀'x၅' အရွယ် သံစည်ဖောများအနက် သံစည်ဖော(၅)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်း။ | ၁ | Lot(5) |
| (စ) | ဆူးလေအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဝင်းအတွင်း Weight Bridge (၁)ခု ဆောက်လုပ်တပ်ဆင်ပေးခြင်းလုပ်ငန်း။ | ၁ | Lot(6) |
| (ဆ) | Steel Sheet Pile များ အသုံးပြု၍ တည်ဆောက်ထားသော ဆိပ်ကြီး မြစ်ကြောင်းထိန်းတံတိုင်း အလျား ၄၀၀' အား ပြန်လည် အားဖြည့်ခြင်းလုပ်ငန်း။ | ၁ | Lot(7) |
| (ဇ) | လမ်းမတော်ဆိပ်ကမ်းနယ်မြေ ကမ်းနားဘက်ခြမ်းရှိ လူသွားစင်္ကြံ (Platform) အလျား ၂၃၀၀ ပေအား ပြုပြင်၍ Concrete Block တုံးများ ခင်းပေးခြင်းနှင့် သံလက်ရမ်းတန်းများ ပြုလုပ်တပ်ဆင်ပေးခြင်းလုပ်ငန်း။ | ၁ | Lot(8) |
| (ဈ) | စဉ့်အိုးတန်းအမှတ်(၂)နှင့် ဆူးလေဆိပ်ကမ်းအမှတ် (၁)ကြားရှိ ပျက်စီးနေသည့် ကမ်းပါးထိန်းအလျား ၂၇၀' အား Bored Pile Foundation အသုံးပြု၍ R.C Beam နှင့် Gabion Box များဖြင့် ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်း။ | ၁ | Lot(9) |
| (ည) | ဆူးလေဆိပ်ကမ်းတံတားဝင်းအတွင်းရှိ ဆိပ်ခံတံတားအမှတ် (၁၊ ၂)၏ ဘေးကာ ခံတုံး (Concrete Copping) များ ပြုပြင်ခြင်းနှင့် ဆိပ်ခံတံတား၏ Apron များအား ကတ္တရာကွန်ကရစ် (AC) ဖြင့် ပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot(10) |
| (ဋ) | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်းရှိ (၁၂၀' x ၂၀')အရွယ် ဆိပ်ခံဖောအား အကြီးစားပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot(11) |

၃။ တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့်အချိန် - ၃၀-၄-၂၀၂၅ ရက်နေ့မှ ၈-၅-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၁၅-၅-၂၀၂၅ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၂၅၄၂၈၅၈၇၂၊ ၀၉-၄၃၁၂၇၄၆၈၊ ၀၉- ၅၁၈၃၀၈၅၊ ၀၉- ၄၃၀၄၉၃၁၇ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆၀)အဝေရာလမ်းနှင့် ရွှေလီလမ်းထောင့်၊မြေကွက်အမှတ်(၂၂၄၅+၂၂၄၆)ရေိယာ(၉၀'×၆၀')ရှိ နှစ်(၆၀) ဂရန်တွင် ဦးအောင်ခန့်ကျော်(၁၂/အလန(နိုင်)၀၄၀၂၇၃)+ဒေါ်နန္ဒာအေး(၁၂/ လမတ(နိုင်)၀၃၁၀၇၄)အမည်ပေါက်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း**

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ ဦးအောင်ခန့်ကျော်+ ဒေါ်နန္ဒာအေး တို့က ပူးတွဲပိုင်ရှင်များအဖြစ် လက်ဝယ်ထားရှိပိုင်ဆိုင်ကြပါကြောင်း နှင့် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ )

ဦးသန့်ဇင် ( LL-B ) — အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) — Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနှိုင်း( LL-B) — အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) — Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

---

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ ခရေလမ်းနှင့် စွယ်တော်(၂)လမ်းထောင့်၊ မြေကွက်အမှတ်(၁၃၁)ဟုခေါ်တွင်သော ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူးအုန်းကျော်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀ x ၆၀) ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဇော်အောင် [၁၂/ရပသ(နိုင်)၀၃၇၉၈၆] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်လှအောင် [၁၁/မဥန(နိုင်)၀၂၄၇၇၅]နှင့် ဒေါ်ဖြူမ [၁၁/မဥန(နိုင်)၀၂၄၈၈၃]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လှအောင်နှင့် ဒေါ်ဖြူမတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

---

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ လူနေရပ်ကွက်အမှတ်(၁၄)၊ ဖိုးရာဇာလမ်း၊ မြေကွက်အမှတ်(၁၃၂၃/က) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန တွင် ဦးအံ့သီး အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်ဖိုး [၉/ညဥန(နိုင်)၁၄၁၆၅၇] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းထွန်း [၈/ရနခ(နိုင်)၁၄၅၂၃၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

---

**အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၉)၊ မြေကွက်အမှတ်(၂၅၉)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ (ခြံရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ မြေကွက်အမှတ်(၂၅၈)နှင့် ကပ်လျက်အခြမ်းမြေကွက်၊ (အရပ်အခေါ်) အမှတ်(၂၅၉)၊ ဦးလှဘော်လမ်း၊ (၈၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးစိုးနိုင် [၁၂/ဒဂတ(ပြု)၀၀၀၂၅၂] ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးသက်နောင်ဇော် [၁၂/ဒဂဆ(နိုင်)၀၀၈၆၄၁]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်–၄၈၄၃၁)**
**အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉- ၄၀၂၅၉၄၃၄၇၊ ၀၉–၇၉၅၁၅၂၈၇၀**

---

**"ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း"**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုစန်း[၁၂/မရက(နိုင်)၁၃၅၂၇၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဦးစည်သူအောင်[၁၂/မရက(နိုင်)၁၄၃၁၄၇]နှင့် ဒေါ်ချိုချိုစန်း[၁၂/ မရက(နိုင်)၁၃၅၂၇၃] တို့သည် (၂၅-၄-၂၀၂၅)ရက်နေ့တွင် လသာမြို့နယ်တရားရုံးတော်၌ မှတ်ပုံတင်အမှတ်(၁၁/၂၀၂၅) ဖြင့် ဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပါသည်။ ထို့နောက် ပစ္စည်းခန်း၊ ကလေးအုပ်ထိန်းခွင့် စသည်တို့နှင့်ပတ်သက်၍ "နှစ်ဦးသဘောတူ အကြင်လင်မယားကွာရှင်းပြတ်စဲပြီးနောက် နှစ်ဦးနှစ်ဖက်လိုက်နာဆောင်ရွက်ကြမည့် သဘောတူညီချက် ဝန်ခံကတိစာချုပ်"ကိုလည်း ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးစည်သူအောင်နှင့် ဒေါ်ချိုချိုစန်းတို့သည် တရားဝင် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်ကိုကိုဝင်း (LL.B, D.B.L )**
**အထက်တန်းရှေ့နေ (စဉ် – ၅၂၄၂၃)**
**အမှတ်(၀/၇၆)၊ တပင်ရွှေထီးလမ်း၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၁၈၉၅၄၂**

---

**"ကန့်ကွက်နိုင်ပါသည်"**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ **Hill Top Vista Condominium Tower-( A ), 9th Floor, Unit No.( A#09-06 )** ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူများ ဖြစ်သော ဦးနေဝင်း ( ၁၂/ဗဟန (နိုင်) ၀၀၄၂၃၂ )နှင့် ဒေါ်မေမေသွဲ့ ( ၁၂/ဗဟန (နိုင်) ၀၀၄၂၃၃ )တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ၄င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခိုင်ဇင်လတ်(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၀)
အမှတ်-(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၉၇၂၃၄၊ ၈၃၉၇၂၃၅၊၈၂၉၆၁၃၂။

---

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၂-လမ်း၊ အမှတ်(၈၅၄)ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၂၅ x ၅၀)ပေရှိမြေကွက်မှ တစ်ဝက်တိတိဖြစ်သော (၁၂½ x ၅၀)ပေရှိမြေကွက်နှင့် အကျိုးခံစားခွင့်များ အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဘစိန်(အိုင်အက်စ်အင်န်-၁၅၈၃၃၁) သက်ရှိထင်ရှားရှိစဉ်ကပင် ကျွန်ုပ်မိတ်ဆွေ ဦးကျော်တင် (အိုင်အက်စ် အင်န်-၂၅၈၅၆၆)၊ [၁၂/သဃက(နိုင်)၀၄၈၁၂၉] ထံသို့ (၁၃-၁-၁၉၈၆) ရက်စွဲပါ "မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များအားလုံးကို အပြီးအပိုင်ရောင်းချသည့် စာချုပ်" ဖြင့် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်တင်နှင့် မိသားစုဝင်များသည် ကာလတန်ဖိုးဖြင့် တရားဝင်ဝယ်ယူသည့် (၁၃-၁-၁၉၈၆) နေ့မှစ၍ အဆိုပါမြေကွက်ပေါ်တွင် လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် အကျိုး ခံစားခွင့်အရပ်ရပ်အား ဦးကျော်တင်နှင့် မိသားစုဝင်များဖြစ်သော ဇနီး ဒေါ်စန်းမြင့်၊ သမီး ဒေါ်သင်းနွယ်စိုး၊ ဒေါ်စုစုဌေး၊ သား ဦးစိုးရဲထွန်းတို့ သိရှိသဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ရန် အသိပေး ကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်လာပါက ပြုလုပ်သူနှင့် ပူးပေါင်းကူညီသူ များအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဦးကျော်တင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မြတ်ချို**
**(LL.B, DBL, DML, DIL, DIPL, DIR, DSW)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၅၆)**
**အမှတ်–၉/၁၁၊ အခန်း ၁၀၃/စီ၊ ၃၆–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၉၃၂၆၇၉၄၀**

---

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်–၄၁ ပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦ၏ အဋ္ဌမထပ်၊ (၇)လွှာ၊ (ခြေရင်းခန်း) တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးမျိုးမြင့် [၁၂/ဗတထ (နိုင်)၀၁၅၈၆၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေ ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၂၁၄)**
**အမှတ် – ၅၈၇၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆) ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ(ငွေလုံးငွေရင်း) ဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်း ဆောင်ရွက်မည့် ရေကာတန်းတည်ဆောက်ခြင်း၊ ကမ်းထိန်းနံရံတည်ဆောက်ခြင်း၊ တူးမြောင်းပြုပြင်ခြင်းလုပ်ငန်းများနှင့် မိုးညှင်းမြို့နယ်အတွင်း ဆောင်ရွက်မည့် ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | - (၅-၅-၂၀၂၅) မှ (၇-၅-၂၀၂၅)ရက် အထိ |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် | - (၁၂-၅-၂၀၂၅) မှ (၁၄-၅-၂၀၂၅)ရက် ညနေ(၄)နာရီအထိ |
| တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - (၁၅-၅-၂၀၂၅) ရက် နံနက်(၁၀:၀၀)နာရီ |
| တင်ဒါရောင်းချမည့်နေရာ<br>တင်ဒါတင်သွင်းရမည့်နေရာ<br>တင်ဒါဖွင့်လှစ်မည့်နေရာ | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ပူတာအိုမြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍(၀၉-၂၅၂၃၄၁၇၄) သို့ လည်းကောင်း၊ မိုးညှင်းမြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ (၀၉-၄၄၃၀၇၀၇၃၈) သို့လည်းကောင်း ဆက်သွယ်၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ပြည်နယ်/ တိုင်းဒေသကြီးရုံးများတွင် ဆောင်ရွက်မည့် ရုံးအဆောက်အဦများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံး တင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်း ဝယ်ယူခြင်း တင်ဒါများ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ တင်ဒါပုံစံရောင်းချခြင်း | - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင် လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ | - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင် လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ( ၂၈ - ၄ - ၂၀၂၅ ) (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | -( ၁၂ - ၅ - ၂၀၂၅ ) (၁၅:၃၀) နာရီ |
| တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် | - ( ၁၄ - ၅ - ၂၀၂၅) / (၉:၀၀) နာရီ |

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း -၀၉-၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် အားကစားကွင်း/ရုံတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့် အုတ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကြေညာအပ်ပါသည် -

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - (၂၉-၄-၂၀၂၅) ရက်၊ (အင်္ဂါနေ့) မှစတင်၍ ရုံးချိန်အတွင်း |
| တင်ဒါပိတ်မည့်ရက် | - (၁၉-၅-၂၀၂၅) ရက်၊ (တနင်္လာနေ့) |
| တင်ဒါဖွင့်မည့်ရက် | - ထပ်မံကြေညာပေးသွားပါမည်။ |
| တင်ဒါတင်သွင်းရမည့်နေရာ | - တိုင်းဒေသကြီးအား/ကာ ဦးစီးဌာနရုံး၊ လေယာဉ်ကွင်းလမ်း၊ ဗျောတောဝရပ်၊ ထားဝယ်မြို့၊ ဖုန်း - ၀၅၉ ၂၃၅၄၂၊ ၀၅၉ ၂၃၄၉၆ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးဒေါင်ဇေ၏ သားဖြစ်သူ မောင်တီဇေခေါင် [၁၂/မရက(နိုင်)၁၅၀၇၇၇]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-250077799**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသီတာအောင် မှတ်ပုံတင်အမှတ်[၁၄/ဖပန(နိုင်)၁၆၃၀၄၁]၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**09-964172321**

# သစ်
# တော
# နဲ့
# သစ်ပင်
# ချစ်
# ခင်
# တဲ့
# လူမျိုး
# သစ်
# ပင်
# ကို
# နှစ်စဉ်
# စိုက်
# ရွှေတိုက်
# ကိုစိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်ကျေးလက်လမ်းတံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၂၉-၄-၂၀၂၅ (အင်္ဂါနေ့ ) |
| တင်ဒါအကြိုရှင်းလင်းမည့်ရက် | - ၈-၅-၂၀၂၅ (ကြာသပတေးနေ့) |
| တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - ၁၄-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့) |
| တင်ဒါ Deposit နောက်ဆုံးတင်သွင်းရမည့်ရက် | - ၁၄-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့) |
| တင်ဒါလျှောက်လွှာ (နည်းပညာအဆိုပြုလွှာ စာအိတ်-A) နောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် | - ၁၅-၅-၂၀၂၅(ကြာသပတေးနေ့) |
| လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့် နေရာနှင့် လျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်နေရာ | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (အရှေ့မြို့ရှောင်လမ်းနှင့် ကလိ-ရှမ်းရွာကြီးလမ်းကြား) |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၂၈-၄-၂၀၂၅ ရက်မှ ၁၄-၅-၂၀၂၅ရက်နေ့အထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၅၄၂၆၈၆၀၂၊ ၀၉-၇၉၃၇၃၆၈၀၃၊ ၀၉-၄၂၆၄၅၆၂၃၃၊ ၀၉-၄၀၂၆၁၆၁၂၈၊ ၀၉-၄၅၆၀၀၀၈၀၇

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ လှည်းကူးခရိုင် (၁/၂၀၂၅-၂၀၂၆) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါ၍ စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| | |
|---|---|
| ၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | - (၇-၅-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း) |
| ၃။ တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန် | - (၁၆-၅-၂၀၂၅)ရက်(သောကြာနေ့) (ရုံးချိန်အတွင်း) |
| ၄။ တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | - (၂၀-၅-၂၀၂၅)ရက်(အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ |
| ၅။ တင်ဒါတင်သွင်းစိစစ်ဖွင့်လှစ် ရွေးချယ်မည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့ |

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လှည်းကူးခရိုင်**
**ဖုန်း - ၀၁ - ၈၆၂၈၃၁၄**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးဌာနပိုင် အဆင့်မြှင့်မြို့မဈေးတည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest (EOI) ဒုတိယအကြိမ်ခေါ်ယူခြင်း

၁။ ဆီဆိုင်မြို့၊ သီရိရပ်ကွက်၊ ဦးပိုင်အမှတ်(၁၆)၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ မြေဧရိယာ(၂.၅၈)ကေပေါ်ရှိ မီးလောင်ပျက်စီးသွားသည့် ဆီဆိုင်မြို့မဈေးမြေနေရာပေါ်တွင် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ(၁၀၀%) ရင်းနှီးမြှုပ်နှံမှုဖြင့် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်သံကူကွန်ကရစ် အဆောက်အဦ(၃) ထပ်အား တည်ဆောက်လိုပါ၍ စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest ( EOI )တင်သွင်းရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းမည့် ကုမ္ပဏီသည် အဆိုပြုမည့် ဒီဇိုင်းပုံစံများ၊ အသေးစိတ်စီမံချက်နှင့်အတူ Power Point ဖြင့် သတ်မှတ်ရက်အတွင်း စိစစ်ရွေးချယ်ရေးကော်မတီအား ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။

၃။ (EOI)အဆိုပြု လျှောက်လွှာပုံစံများကို (၂၈-၄-၂၀၂၅ )ရက်(တနင်္လာနေ့) မှ ( ၂၇-၅-၂၀၂၅ )ရက် (အင်္ဂါနေ့) အထိ(ရုံးချိန်အတွင်း )ဝယ်ယူနိုင်ပြီး (EOI) အဆိုပြုလွှာများကို (၂၈-၅-၂၀၂၅ )ရက်(ဗုဒ္ဓဟူးနေ့)(၁၆:၀၀)နာရီ နောက်ဆုံးထား၍ မြို့နယ်စည်ပင်သာယာရေးဌာန၊ ဆီဆိုင်မြို့သို့ ပေးပို့တင်သွင်းရန်နှင့် သတ်မှတ်အချိန်ထက်နောက်ကျ ရောက်ရှိလာသော ( EOI) အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ရေးအတွက် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ( ဖုန်း-၀၉-၂၅၄၁၀၁၉၇၆)သို့ ဆက်သွယ်နိုင်ပါသည်။

**စိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်မှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | - (၃၀-၄-၂၀၂၅)မှ(၁၃-၅-၂၀၂၅)ရက် (ရုံးချိန်အတွင်း) |
| (ခ) တင်ဒါလျှောက်လွှာပုံစံနောက်ဆုံး တင်သွင်းရမည့်နေ့ရက်/အချိန် | - (၁၄-၅-၂၀၂၅) (ရုံးချိန်အတွင်း) |
| (ဂ) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန၊ လယ်ဝေးခရိုင်/ ဥတ္တရခရိုင်၊ နေပြည်တော် |

၂။ တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင် (၀၉-၂၆၀၀၂၅၇၅၄) နှင့် ဥတ္တရခရိုင် (၀၉-၄၅၅၆၆၃၅၁၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ပေါ်တော်မူ(၃) လမ်း၊ မြေကွက်အမှတ်(၂၀/၄၅)၊ အမှတ်(၆၁၂)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်စိန်ဟန် [၁၂/လမန(နိုင်)၀၅၈၃၆၅] အမည်ပေါက် ပါမစ်မြေကွက်နှင့် အဆောက်အဦ၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမောင်ဇော်(ခ)ဇော်ကြီး [၈/ဆပဝ(နိုင်) ၀၆၅၉၇၀]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သက်မွန်မြင့် [၁၄/ကပန (နိုင်)၂၂၃၆၉၄] က (၂၅-၄-၂၀၂၅) ရက်နေ့တွင် "မြေကွက်နှင့်အဆောက်အဦအရောင်းအဝယ် နှစ်ဦးသဘောတူ ကတိစာချုပ်" ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝန်နီလှိုင် LL.B, D.M.L, D.I.L, D.I.R, B.D.S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၃၈/၁၃)**
**အမှတ်(၄၅/၆၁၂)၊ ပေါ်တော်မူ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**Ph: 09-422470665, 09-794969226**

## "မဝတ်ရည်အောင် [၁၂/ကမတ(ပြု)၀၀၀၇၁၆]နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ အမှတ်(၂၈)၊ မြေညီထပ်(အေ)နေ (အဖ)ဦးရန်ဂါဆာမိ၏ သမီးဖြစ်သူ ဒေါ်မူမူအောင် [၁၂/ကမတ(ပြု)၀၀၀၇၁၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဦးဖိုးထူးလမ်း၊ အမှတ်(၂၈)၊ မြေညီထပ်(အေ)နေ (အဖ)ဦးရန်ဂါဆာမိ၏ သမီးဖြစ်သူ မဝတ်ရည်အောင် [၁၂/ကမတ(ပြု)၀၀၀၇၁၆]သည် (၃၁- ၃-၂၀၂၅)ရက်နေ့တွင် မိမိသဘောဖြင့် နေအိမ်မှဆင်းသွားခဲ့ပါသည်။ နေအိမ်မှဆင်းသွားသည့်အချိန်တွင် အောက်ဖော်ပြပါပစ္စည်းများကို မိသားစုဝင်များ သိရှိခြင်းမရှိဘဲ ယူဆောင်သွားခဲ့ပါသည်။ ဒေါ်မူမူအောင် [၁၂/ကမတ(ပြု) ၀၀၀၇၁၂]ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ရပ်ကွက်၊ သဲလမ်း(တိုးချဲ့)၊ အမှတ်(၆၈၁)ဟုခေါ်တွင်သော (အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်၏ အရောင်းအဝယ်စာချုပ်မူရင်း၊ ဒေါ်ခင်သန်း [၁၂/ကမတ(ပြု)၀၀၀၀၄၅] ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ရပ်ကွက်၊ သဲလမ်း(တိုးချဲ့)၊အမှတ်(၁၄)ဟုခေါ် တွင်သော (အလျား၄၀ပေx အနံ၆၀ပေ)ရှိသော ဥယျာဉ်ခြံမြေ အမျိုးအစားမြေကွက်၏ အရောင်းအဝယ်စာချုပ်မူရင်း၊ ဦးသာထွန်းအောင် [၁၂/ကမတ(ပြု)၀၀၀၇၁၅] ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက်၊ သရက်တော (၂)လမ်း၊ အမှတ်(၉၂)ဟုခေါ်တွင်သောတိုက်၏ (၃-လွှာ/ဘီ)၊ (အလျား၁၂ပေခွဲxအနံ၅၀ပေ)ရှိ တိုက်ခန်း၏ အရောင်းအဝယ်စာချုပ်မူရင်း၊ မိသားစုပိုင်ဆိုင်သည့် အလေးချိန်(၃၀)ကျပ်သားခန့်ရှိသော ရွှေထည်ပစ္စည်းများ"အား မိသားစုဝင်များသိရှိခြင်းမရှိဘဲ မိသားစုဝင်များအား အသိပေးခြင်းမရှိဘဲ ယူဆောင်သွားခဲ့ပါသည်။

သို့ပါသောကြောင့် ဒေါ်ဝတ်ရည်အောင်အနေဖြင့် ယူဆောင်သွားသော (၁)ဒေါ်မူမူအောင်၊ (၂)ဒေါ်ခင်သန်းနှင့် (၃)ဦးသာထွန်းအောင်တို့ ပိုင်ဆိုင်သည့် အထက်ပါစာရွက်စာတမ်း မူရင်းများနှင့် မိသားစုပိုင်(၃၀)ကျပ်သားခန့်ရှိ ရွှေထည်တို့နှင့်အတူ မိသားစုထံ ပြန်လည်ဆက်သွယ်ပေးပါရန်နှင့် ဒေါ်ဝတ်ရည်အောင် ယူဆောင်သွားသော အထက်ဖော်ပြပါမြေ၊ တိုက်ခန်းတို့နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လျှဒါန်းခြင်းအစရှိသည့် လွှဲပြောင်းမှုတစ်စုံတစ်ရာပြုလုပ်ခွင့်မရှိ ကန့်ကွက်ပါကြောင်းနှင့်၊ အကယ်၍ ဒေါ်ဝတ်ရည်အောင်အား သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားသူအား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်းနှင့် ဒေါ်ဝတ်ရည်အောင်အနေဖြင့်လည်း အထက်ဖော်ပြပါ(၃)ဦး၏ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ မိသားစုပိုင်(၃၀)ကျပ်သားခန့်ရှိ ရွှေထည်များယူဆောင်၍ မိသားစုနှင့်ပြန်လည်ဆက်သွယ်ခြင်းမရှိ ဆက်လက်ရှောင်တိမ်းနေပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မူမူအောင်** | **ဒေါ်ဇင်မာမင်း** |
| **[၁၂/ကမတ(ပြု)၀၀၀၇၁၂]** | **LL.B,D.B.L, D.I.L** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)** |
| | **အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။** |
| | **ဖုန်း - ၀၉ -၄၂၀၀၃၁၃၅၂** |

## ဒေါ်ခင်မာအေး (ခ) ရရှီဒါဟ်ဘေဂွမ် နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ်(၆၄/၆-လွှာ)နေ ဦးရဲနိုင် (ခ) မွန်ဇွန်အာလာမ် [၁၂/ဥကတ(နိုင်)၂၁၉၁၀၁] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄) ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၃) လမ်း၊ အမှတ် (၁၃၁)နေ ဦးအေးထွန်း၏ သမီးဖြစ်သူ ဒေါ်ခင်မာအေး (ခ) ရရှီဒါဟ်ဘေဂွမ်တို့သည် (၃၀-၅-၂၀၂၂) ရက်နေ့တွင် မဟာရ်ရွှေ (၅)ကျပ်သား လက်ငင်းပေးဆောင်၍ အစ္စလာမ့်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ကြပြီး သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ နောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါ၍လည်းကောင်း၊ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့၍ လည်းကောင်း၊ နှစ်ဦးနှစ်ဖက်၏တောင်းဆိုချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) အစ္စလာမ့်ရေးရာခုံရုံး၌ (၂၆-၄- ၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ လင်-မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စကိုမျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း ဒေါ်ခင်မာအေး (ခ) ရရှီဒါဟ်ဘေဂွမ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးရဲနိုင် (ခ) မွန်ဇွန်အာလာမ်** | **ဦးမြတ်သန်းဦး {B.A(Eco:)H.GP,D-A)1)}** |
| **[၁၂/ဥကတ (နိုင်)၂၁၉၁၀၁]** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **အမှတ် (၆၄/၆-လွှာ)၊ ၁၂၃-လမ်း၊ သပြေကုန်း** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | **(၀၉-၇၈၃၅၄၂၉၀၀)** |

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၁/၁)၊ ထွန်းရွှေဝါလမ်းသွယ်လမ်း၊ မြေကွက်အမှတ်(၂၁၈)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား × အနံ (၄၀ × ၆၀)ပေ **ဒေါ်ခင်ရွှေ** အမည်ပေါက် ပါမစ်မြေကွက်အနက်မှ(လမ်းဘက်ခြမ်းနှင့်ကပ်လျက်) အလျား×အနံ(၂၀×၆၀)ပေ ပါမစ်မူရင်းမြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သောအကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိအဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်နှင်းဝတ်မှုံဖြိုး(၁၂/ဥကမ(နိုင်) ၁၉၂၇၇၀)**မှတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ဝင်းမာဦး (၁၂/မရက(နိုင်)၁၄၉၀၂၃)မှ(၂၈-၅-၂၀၂၄) ရက်စွဲပါ **''နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်''**ချုပ်ဆိုကာ ထိုနေ့မှစ၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်း/မိတ္တူများနှင့်အတူမြေကွက်အလွတ်ကို အပြီးအပိုင်ဝယ်ယူလက်ရောက် လက်ရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါမြေကွက်အားကျွန်ုပ်မိတ်ဆွေဒေါ်ဝင်းမာဦးသိရှိခြင်းမရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲမြေကွက်အတွင်း ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊အခြားတစ်နည်းနည်းဖြင့်စီမံခန့်ခွဲလွှဲပြောင်းခြင်းလုံးဝမပြုလုပ်ရန်နှင့်ပြုလုပ်ခဲ့သည်ရှိသော် ကျွန်ုပ်၏မိတ်ဆွေမှဥပဒေနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာဦး(၁၂/မရက(နိုင်)၁၄၉၀၂၃)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်။၀၉-၂၆၁၁၀၁၁၃၄**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၁/၁)၊ မနောသုခလမ်း၊ မြေကွက်အမှတ်(၂၈)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား× အနံ (၄၀×၆၀)ပေမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေရာဌာနတွင် **ဒေါ်အေးကြူ** အမည်ပေါက်ပါမစ်မြေကွက်ဖြစ်ပြီး အထက်ဖော်ပြပါ ပါမစ်မူရင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်ရေ+မီး အပါဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အလျား× အနံ (၂၀×၆၀)ပေစီ ပူးတွဲပိုင်ဆိုင်သူ **ဦးသက်နောင် (၁၄/ဘကလ(နိုင်)၂၀၀၉၄၀)နှင့် ဒေါ်အေးအေးထွန်း (၁၂/ဥကမ(နိုင်)၁၇၄၆၃၂)**တို့မှ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်အိအိဖြိုး (၁၂/ဥကမ (နိုင်) ၁၉၄၉၇၃)**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၉-၅-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ မူရင်းအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ**''နှစ်ဦးသဘောတူ မြေကွက်နှင့်အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်''**ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အိအိဖြိုး (၁၂/ဥကမ(နိုင်)၁၉၄၉၇၃)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၂/၁၈၉)၊ အောင်ကျက်သရေလမ်း၊ ရွှေပေါက်ကံမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်။၀၉-၂၆၁၁၀၁၁၃၄**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၂၇၂/ခ)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးတင်ဝင်းအမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲထွန်း [၉/အမဇ(နိုင်)၀၀၃၁၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**တရားလွှတ်တော်ရှေ့နေ**
**ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)**
**LL.B, WIPO (Switzerland)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာ၊ ကွင်းအမှတ်(၁၀၆၃)၊ ကွင်းအမည်-အင်းတိုင်ကွင်း၊ ဦးပိုင်အမှတ်(၇၀/၁)၊ ဦးအုန်းဖေအမည်ပေါက် (၀.၁၅)ဧကအပါအဝင် (၉၅x၁၈၀)ပေ (မြေပြင်မျက်မြင်အကျယ်အတိုင်း) ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ နေအိမ်၊ ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးအောင်ပိုင် (ဘ) ဦးကျော် [၇/ဒဥန(နိုင်)၁၀၃၀၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးဝေယံလင်း (ဘ) ဦးစိန်လင်း [၈/တတက(နိုင်)၀၉၉၁၁၆]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဝေယံလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်သူဖြိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၃၄)**
**အမှတ် (၅၃၇)၊ ခရေလမ်း၊ (၈/၂)မြို့မရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၇၉၅၅၃၃၁၉၃**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၀)၊ မြေကွက်အမှတ် (၁၀၄) ဟုခေါ်သည့် [ဦးတင်ရွှေ (AHT-064803)] ပါမစ်အမည်ပေါက် အလျား (၄၀)ပေ x အနံ (၆၀)ပေ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်အမည်ပါမြေကွက်အား မူလနာမည်ပေါက်ထံမှ ဝယ်ယူလက်ရှိထားသည့် ဦးလင်းထိန် [၁၂/မရက(နိုင်)၁၁၁၉၀၄] ဆိုသူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းစာမှတ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဆန်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၈၅/၁၆-၁၀-၂၀၂၃)**
**တိုက် (၄၃)၊ အခန်း (၁၀၃)၊ ပထမထပ်၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၈၄၃၃၁၉၊ ၀၉-၂၀၁၂၆၄၆၅**

**အားကစား**
**မြင့်တင်**
**စိတ်လန်းရှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးဝင်းဆွေ

**(စိန်ရွှေကုန်း ဇနိတာရာမ မိုးကုတ်ယောဂီ)**
**မီးသတ်ဦးစီးဌာန(ငြိမ်း)**

### အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ အမှတ်(၄၀)နေ(ဦးစိန်သာလှ-ဒေါ်နု)တို့၏သား၊ ဒေါ်စီစီဖရက်(ခ)ဒေါ်ရူပသိင်္ဂီ၏ ခင်ပွန်း၊ ဦးမိုးဝင်း-ဒေါ်ဦးမြတင်၊ ဦးခင်ဝင်း-ဒေါ်ငွေ၊ ဦးအောင်နန်းကျော်၊ ဦးဇော်မျိုးအောင်-ဒေါ်သိင်္ဂီဝင်း၊ ဦးစိုးဦးထွန်း-ဒေါ်တင်အေးခိုင်တို့၏ ဖခင်၊ မသဇင်ဦး၊ မောင်ရဲကျော်သူ၊ မသဇင်ခိုင်၊ မောင်အာကာမင်း၊ မောင်သော်ဇင်ဟိန်း၊ မခိုင်ဆိုဖီထွန်းတို့၏ အဘိုး၊ ဟန်နီရှင်းသန့်၏ ဘိုးဘိုးသည် ၂၆-၄-၂၀၂၅(စနေနေ့)မွန်းလွဲ ၁:၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၅(တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမိုးနီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ သန်လျင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော (၂၅x၅၀)ပေ အကျယ်အဝန်းရှိဦးစိန်ထွန်းအမည်ပေါက်ဂရန်မြေ၏ အကျိုးခံစားခွင့်နှင့်တကွ ယင်းမြေပေါ်တွင် ဆောက်လုပ်နေဆဲဖြစ်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ ခေါင်းရင်းခြမ်း (၁၂ ½ ပေx၅၀ပေ) အကျယ်အဝန်းရှိ မြေညီထပ်မှ ပဉ္စမထပ် (အပေါ်ဆုံးထပ်)အထိ စုစုပေါင်းတိုက်ခန်း (၆)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အေးအေး [၁၂/လသန(နိုင်)၀၁၃၅၃၈]မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်သူသူထွန်း [၁၂/လသန(နိုင်)၀၂၀၀၆၆] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)** |
| **LL.B, D.B.L, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)** |
| **LL.B** | **LL.B, WIPO (Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော် LL.B (အထက်တန်းရှေ့နေ) (စဉ်-၄၄၃၉၃)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၄၈)ဟုခေါ်တွင်သော (၁၇x၆၀)ပေ အကျယ်အဝန်းရှိ ပထမထပ် တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်အေးအေး [၁၂/လသန(နိုင်)၀၁၃၅၃၈]မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်သူသူထွန်း [၁၂/လသန(နိုင်)၀၂၀၀၆၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)** |
| **LL.B, D.B.L, WIPO (Switzerland)** | **LL.B, D.B.L, WIPO (Switzerland)** |
| **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)** |
| **LL.B** | **LL.B, WIPO (Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော် LL.B (အထက်တန်းရှေ့နေ) (စဉ်-၄၄၃၉၃)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀ (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၃၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ကျော်သူ(၁၉)လမ်း၊ မြေကွက်အမှတ် (၇၃၀/က)ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၈ x ၅၄) ပေရှိ (ရေ+မီး)အစုံအလင်ပါဝင်သည့် တိုက်ခန်းအပြင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအား ဦးမြင့်အောင် [၉/မရတ(နိုင်)၀၉၀၉၄၉] မှ ၎င်းတစ်ဦးတည်းသာလျှင် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်းဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်နီလာစိုး [၁၂/မဂတ(နိုင်)၀၁၃၇၂၁]နှင့် ဒေါ်စန္ဒာစိုး [၁၂/ရကန(နိုင်) ၀၄၉၁၁၀] တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေများထံသို့ဖြစ်စေ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာစိုး [၁၂/မဂတ(နိုင်)၀၁၃၇၂၁] နှင့်**
**ဒေါ်စန္ဒာစိုး [၁၂/ရကန(နိုင်)၀၄၉၁၁၀] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါနွယ်(LL.B., DBL)** | **ဒေါ်မို့မို့နှင်း(LL.B., DBL)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၅၅၀)** |

**အမှတ်(၁၃၈)၊ အခန်း(၃-ဘီ)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၇၄၂၈၅၈၊ ၀၉-၇၉၂၆၀၀၀၀၅၊ ၀၉-၄၀၀၄၀၆၈၈၆**

## ဒေါက်တာဒေါ်ခင်မာအေး(ခ)မာဂရက်အေး

**ရန်ကုန်တိုင်းကလေးအထူးကုဆရာဝန်ကြီး (ငြိမ်း)**

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်-၉၃/၃၊ သံလွင်လမ်းနေ (ဦးအေးမောင်-ဒေါ်သောင်း) တို့၏သမီး၊ (ဦးညွှန့်လှိုင်-ဒေါ်မေကြွေ) တို့၏ သမီးချွေးမ၊ (ဒေါက်တာဦးပြည်ညွှန့်) ၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာမြတ်ကလျာညွှန့်၊ ဦးသန်းထိုက်ပြည်ညွှန့်-ဒေါ်အေးနန္ဒာ၊ ဒေါက်တာစုလှိုင်အေးတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မရတနာဒေဝီ၊ မခင်ကညာယမင်းတို့၏ အဘွားသည် ၂၆-၄-၂၀၂၅ (စနေနေ့) ည ၉:၃၃ နာရီတွင် (၉၆) ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၅ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်အုန်းအုန်းမြင့်(ခ)ဒေါ်မြင့်မြင့်

**(ဂန့်ဂေါ်မြိုင်-ရတနာဆိုင်)**

### အသက်(၇၄)နှစ်

မိုးကုတ်မြို့အနောက်ပိုင်း၊ ကျပ်ပြင်ဈေးရပ်နေ(ဦးအောင်သန်း-ဒေါ်တင်ရီ)တို့၏သမီး၊ ကိုဝဏ္ဏ-မစန်းစန်းယု၊ ကိုတေဇ-မထက်ထက်အောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ရဲလင်းထွန်း-မသက်စုရည်၊ မောင်ဉာဏ်လင်းထွန်း၊ မောင်နိုင်လင်းထွန်း၊ မောင်အောင်မင်းခန့်၊ မသီရိရွှေစင်၊ မအေးမြသီရိကြွယ်တို့၏ချစ်လှစွာသော အဘွား၊ ဦးညီညီ၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်အုန်းအုန်းမြင့်(ခ)ဒေါ်မြင့်မြင့် (ဂန့်ဂေါ်မြိုင်-ရတနာဆိုင်)သည် ရန်ကုန်မြို့၊ အမှတ်(၅)၊ အေးရိပ်သာ(၁)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ် နေအိမ်၌ ၂၅-၄-၂၀၂၅(သောကြာနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသည်ဖြစ်ပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၄-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၅(ကြာသပတေးနေ့)နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးကို အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊အောင်သုခ(၄)လမ်း၊မြေကွက်အမှတ်(၂၇၀)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၂ × ၆၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်(မြေကွက်အမှတ်- ၂၇၁ နှင့်ကပ်လျက်) မြေကွက်ကို လမ်းပေါ်မှ မျက်နှာမူပါက ဘယ်ဘက်/ခြေရင်းခြမ်း၊ (၂၀ × ၆၀)ပေရှိသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေကွက်ကို အပြီးအပိုင် ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်သီတာစိုး ( ၁၂/သဃက(နိုင်)၀၀၀၁၇၆ )**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဥမ္မာခိုင် ( ၁၂/ဥကတ(နိုင်)၁၅၉၄၅၉ )**က အပိုင်ဝယ်ယူရန် မြေကွက်၏တန်ဖိုးငွေအနက်မှ ( ၂၆-၄-၂၀၂၅ )ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ( ၁၄ )ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကို ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဥမ္မာခိုင် ၏** လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးမြတ်မင်းသိန်း(LL.B)** | **ဒေါ်သက်သက်ဆွေ(LL.B)** |
| **DL.101(IP),WIPO(Switzerland)** | **DL.101(IP),WIPO(Switzerland)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၃) | အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄) |

အမှတ်(၄၄၅)A-4၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
**Phone no - 09-968 245 587 , 09-448 031 054 .**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိန်ပန်းမြိုင်လမ်းတည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ လူနေရပ်ကွက်အမှတ်(၁၈/အေ)၊ မြေကွက်အမှတ် (၅၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးမင်းစိုးသက်ထွန်း [၃/ကကရ(နိုင်)၀၇၇၄၀၃] နှင့် ဦးခင်အောင် [၁၂/တမန(နိုင်)၀၆၃၂၉၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော [စိန်ပန်းမြိုင်(၂)လမ်းနှင့်ကပ်လျက် ဘက်အခြမ်း]၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဂရန်မူရင်းစာရွက်စာတမ်းများနှင့်တကွ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိပိုင်ဆိုင်ထားသူ ဦးဇော်ဝင်း [၅/ရဥန(နိုင်)၀၅၉၅၄၀] မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးစိုး [၁၂/ဒဂတ(နိုင်)၀၃၆၆၆၄]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးစိုး [၁၂/ဒဂတ(နိုင်)၀၃၆၆၆၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဝါဝါနွယ်(LL.B., DBL)** | **ဒေါ်မို့မို့နှင်း(LL.B., DBL)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၈၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၅၅၀)** |

**အမှတ်(၁၃၈)၊ အခန်း(၃-ဘီ)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၇၄၂၈၅၈၊ ၀၉-၇၉၂၆၀၀၀၀၅၊ ၀၉-၄၀၀၄၀၆၈၈၆**

## တစ်လပြည့်အမှ္ဘဝေခြင်း
## ကိုညွန့်ဝင်း
## တေဇ(၁၃)

၂၈-၃-၂၀၂၅ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားသော သူငယ်ချင်း ကိုညွန့်ဝင်းအား ရည်စူး၍ တစ်လပြည့် ကောင်းမှုကုသိုလ်များကို ကျန်ရစ်သူမိသားစုနဲ့ သူငယ်ချင်းများက ပြုလုပ်ပေးပြီး အမှ္ဘပေးဝေခဲ့ပါတယ်-

သူငယ်ချင်း ကိုညွန့်ဝင်း မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**တေဇ(၁၃)မှ သူငယ်ချင်းများ**
**နှင့် မိသားစုများ**

## ဦးဖေစိုး
## အကြီးတန်းအကောက်ခွန်မှူး(ငြိမ်း)
## အသက်(၈၂)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၄၂၂) ဦးဖေစိုးသည် ၂၇-၄-၂၀၂၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၅ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကျေးဇူးတင်လွှာ

(၂၀-၄-၂၀၂၅)ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်မြင့်မြင့် အသက်(၈၉)နှစ် နာမကျန်းဖြစ်စဉ် ဆေးကုသပေးခဲ့သော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ Email ဖြင့်လည်းကောင်း၊ သတင်းစကားပေးပို့နှစ်သိမ့်ပေးကြသူများအားလည်းကောင်း၊ သတင်းစာများမှလည်းကောင်း ဝမ်းနည်းကြောင်းပေးပို့ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ အကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် စားဖွယ်ရာများပေးပို့သူများအားလည်းကောင်း၊ နာရေးကိစ္စအဝဝအား လိုလေသေးမရှိကူညီကြသော ဌာနမှဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၈၂)လမ်း၊ အမှတ်(၁၁၁)(၃+၄)လွှာ[အခန်းအမှတ်-၄(A+B)](လက်ယာဘက်ခန်း)(ခြေရင်းခန်း)၊ ဧရိယာ(၁၅ပေxပေ၅၀)ခန့် အကျယ်အဝန်းရှိ(ရေ၊ မီး၊ လျှပ်စစ်မီတာ၊ ရေစက်မော်တာ) အပါအဝင် တိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်ရီရီမြင့် [၁၂/မဂတ(နိုင်)၀၁၅၉၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် သဘောတူပြီးဖြစ်၍ ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ်(၁၁-၄-၂၀၂၅)နေ့က ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှစ်ခန်း အရောင်းအဝယ်အား ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၇၉)**
**အမှတ်-၇၉၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၇၄၉၊ ၀၉-၇၅၂၅၃၄၀၇၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က/၅)လမ်း၊ အမှတ်(၂၈၅)ဟုခေါ်တွင်သော (အလျား ၆၀ပေ x အနံ ၂၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၅)ထပ်တိုက်အား အရပ်ကတိစာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဦးနေမင်းထွန်း [၇/သနပ(ပြု)၀၀၂၄၄၈]ကိုင်ဆောင်သူထံမှ မြေကွက်ပိုင်ဆိုင်မှုနှင့်တကွ ၁-လွှာ(မြေညီထပ်)၊ (၂)လွှာ(ပထမထပ်)၊ (၄)လွှာ(တတိယထပ်)၊ တိုက်ခန်း (၃)ခန်းအား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကော်ဒို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၁၃)**
**မ/၂၁၄၊ က-၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၅၂၀၆၇၅၄၀၊ ၀၉-၇၅၇၆၉၂၂၅၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်တင်ယုံ
## (ပြင်ဦးလွင်)
## အသက်(၈၀)နှစ်

ရွှေဘိုမြို့နေ(ဦးစံရွှင်-ဒေါ်ငွေဇင်)တို့၏ သမီး၊ (ဦးထွန်းလှ-ဒေါ်အုံးရင်)တို့၏ချွေးမ ၊ (ဒေါ်တင်အုံ)၊ (ဒေါ်တင်ဆုံ)၊ (ဦးမှတ်ကြီး)တို့၏ ညီမ၊ ဒေါ်တင်သုံ၏ အစ်မ၊ ပြင်ဦးလွင်မြို့နေ (ဦးသန်းဇော်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးမျိုးဇော်(ငြိမ်း)(MEC) – ဒေါ်နွယ်ခိုင်ဇင် (လဝကမှူး၊ ကျောက်တံတားမြို့နယ်)၊ ဗိုလ်ကြီးခင်ဇော်(ငြိမ်း) ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းဒေသကြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်မီမီသိန်းတန်၊ ဒေါ်တင်တင်နွယ်တို့၏ ကျေးဇူးရှင်မိခင်၊ မမျိုးခိုင်ခိုင်ဇော်၏ အဘွား ဒေါ်တင်ယုံ အသက်(၈၀)နှစ်သည် ၂၆-၄-၂၀၂၅(စနေနေ့) ည ၉:၅၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်ကို ၂၈-၄-၂၀၂၅ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ယုံ
## အသက်(၈၀)နှစ်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးခင်ဇော် ၏ မိခင်ကြီးသည် ၂၆-၄-၂၀၂၅ ရက်(စနေနေ့)တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲဖြစ်ရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးဝန်ထမ်းများ**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝေ
## အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ အမှတ်(၁၁)၊ (၇)လွှာနေ (ဦးထွန်းရှိန်-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးတင်ဆွေ)-ဒေါ်လှမြင့်တို့၏ ချွေးမ၊ ဦးမြင့်အောင်၏ဇနီး၊ ဦးမျိုးမင်းထွန်း-ဒေါ်ခိုင်ယဉ်ထွန်း၊ ဦးသက်လွင်ထွန်း-ဒေါ်နုနုဝါ၊ ဦးကျော်လွင်ထွန်းတို့၏ မွေးသမိခင်၊ မောင်ဇေလွင်ဖြိုး၊ မောင်သန့်သူရဟိန်းတို့၏ အဘွားဖြစ်သူ ဒေါ်ခင်ဝေ အသက်(၇၃)နှစ်သည် ၂၇-၄-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၅၉)၊ (၁၂ ခွဲပေx၄၅ပေ)အကျယ်ရှိ ပထမထပ်၊ (မျက်နှာမူလျှင်ညာဘက်)တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု အဆိုရှိသူ ဒေါ်စန်းစန်းချို[၁၂/တမန(နိုင်)၁၄၂၇၀၇]ထံမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိပြီး (၅)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီလင်းဖေ**
**အထက်တန်းရှေ့နေ(စဉ်-၃၅၃၂၆/၂၀၁၀)**
**အမှတ်-၂၀၃၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈ ၃၇၇၄၀၆**

## မြေကွက်ကြီးတစ်ခုလုံး တစ်ဦးတည်းသာ တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ မင်္ဂလာရပ်ကွက်ရှိ ကွင်းအမှတ်-၇၄၈(B)၊ ဦးပိုင်အမှတ်-၅၃(က)၊ ဧရိယာ ၃.၃၁ ဧက မြေကွက်ကြီးတစ်ခုလုံးကို ဦးတင်ဝင်းက တရားဝင်အထောက်အထားအပြည့်အစုံဖြင့် အမည်ပေါက်ပိုင်ဆိုင်ကာ လက်ရှိထားနေပါသည်။ ဦးတင်ဝင်း အမည်ပေါက်ကြောင်းလည်း တိုက်ကြီးမြို့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မှန်ကန်ကြောင်း သက်သေခံမြေပုံထုတ်ပေးထားပြီးလည်း ဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ဦးတင်ဝင်း၏ပိုင်ဆိုင်မှုကို အထောက်အထားမဲ့ ထိပါးလာခြင်းများရှိနေပါသည်။ ထို့ကြောင့် ဦးတင်ဝင်းက(၂၂-၁-၂၀၂၅) ရက်နှင့် (၁၅-၂-၂၀၂၅) ရက် ကြေးမုံသတင်းစာမှ ထိုသို့ ထိပါးနှောင့်ယှက်သူများကို ရှင်းလင်းကြေညာခဲ့ပါသည်။

ထို့ကြောင့် ယင်းမြေကွက်ကြီးတစ်ခုလုံးကို ဦးတင်ဝင်းက တရားဥပဒေနှင့်အညီ စီမံခန့်ခွဲတော့မည်ဖြစ်၍ တစ်စုံတစ်ရာ ဆိုင်ရေးဆိုင်ခွင့်ရှိသည်ဆိုပါက ခိုင်မာသောအထောက်အထားများနှင့် ကျွန်ုပ်ထံ နောက် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးရန်နိုင်(မြောင်းမြ)(စဉ်-၂၈၁၀၉/၁၉၈၄)** | **ဒေါ်အိမွန်ကျော်(စဉ်-၁၈၆၈၄/၂၀၂၃)** |
| **LL.B; WIPO(Geneva);** | **LL.B, D.I.L** |
| **Dip. Eng(U.K): C.Arabic IV(Cairo)** | |

**တရားလွှတ်တော်ရှေ့နေများ**
**၅၂ - မြေညီ၊ ၁၅၇-လမ်း၊ တာမွေမြို့နယ်။ ဖုန်း-09-250821486**

## ဦးအောင်မင်း(ခ)ဦးအောင်မင်းကျော်သူ
### အမှုဆောင်ဒါရိုက်တာ(ငြိမ်း)
### (သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း-FPJVC)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ (ဦးအောင်ကျော်မြင့်-ဒေါ်နှင်းလှ)တို့၏ သားကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မင်းလမ်း၊ ခြံအမှတ်(၉၀)နေ ဒေါ်တင်တင်ညွန့်၏ခင်ပွန်း၊ ဦးမောင်ဝင်း-(ဒေါ်ခင်စန်းမြင့်)၊ ဦးအောင်ကျော်မင်း-ဒေါ်နန်းစိန်သန်း၊ ဦးအောင်ကျော်လင်း-ဒေါ်ခင်ဆွေဦး၊ (ဦးအောင်ညွန့်သိန်း)၊ (ဦးအောင်ညွန့်သန်း)တို့၏ အစ်ကိုကြီး၊ ဦးအောင်သန်းထိုက်-ဒေါ်ရှန်းဒဲလ်၊ ဦးအောင်ရဲမင်း၊ ဒေါ်စိုးသိမ့်သိမ့်သူ၊ ဦးအောင်ဆက်လင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဆုရွှေရည်လင်း၊ မောင်ဇေယျာလင်း၊ မနေခြည်လင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၆-၄-၂၀၂၅ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၅(ဗုဒ္ဓဟူး နေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၅(သောကြာနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေ(၂)လမ်း၊ အမှတ်(၁၇၅)၊ (၄၀ပေx၆၀ပေ) ဧရိယာအကျယ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်သိန်း CZN.092038 အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင် မခွဲစိတ်ရသေးသည့် အမှတ်(၁၇၆)နှင့်ကပ်လျက် (၂၀ပေ x၆၀ပေ)ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းရီထွန်း [၁/မကတ(နိုင်)၀၈၅၈၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်)၀၄၃၇၂၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁)ဦးကျော်ဇင်လင်း[၁၂/သဃက(နိုင်)၁၇၅၁၃၉]၊ (၂)ဒေါ်အေးမြသီတာ[၁၂/ကမတ(နိုင်)၀၆၂၈၉၅]သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၄)၊ ကွင်းအမည် - သန်လျင်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၈/က) ဟုခေါ်တွင်သော မြေဧရိယာ (၆.၇၈)ဧကရှိ မြေကွက်အမှတ် (၃-A) (အလျား ၄၀ x အနံ ၆၀)အနက်မှ (အလျား ၂၀ x အနံ ၆၀ပေ)**ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးမင်းအောင် [၁၂/သလန(ပြု)၀၀၀၅၃၉]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပေရယ်စိုး LL.B, D.B.L, DL-101 (WIPO) SwitzerLand**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၈၅)**
**ဖုန်း-၀၉-၄၂၃၀၀၈၀၆၀၊ ၀၉-၂၅၀၉၃၄၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ဗြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ်(၁၃၇၄/ခ)ဟုခေါ်တွင်သော ဦးကျော်ဝင်း အမည်ပါ မြေချပါမစ်မြေကွက်ကြီးအတွင်းမှ အကျယ်အဝန်း(၁၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ထားပြီး လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးသန့်ဇော်ထွန်း[၁၂/ဒပန(နိုင်)၀၃၈၈၅၅]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကြေညာချက်ပါသည့်နေ့မှစ၍ **(၇)ရက်အတွင်း** လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဝင်းသီရိ** | **ဦးအောင်ကိုလင်း LL.B,D.B.L** |
| **[၇/ဝမန(နိုင်)၁၆၁၃၁၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၇၂)** |

**အမှတ်(၅၈)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၉၅၁၀၉၀၃**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေတင်စက်ကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပို၍ ကုန်စေပါမည်။






## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...**

❖ **ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာအမျိုးသမီးလိဂ်တွင် သစ္စာအားမာန်နှင့် Young Lionesses အသင်း အနိုင်ရ

ရန်ကုန် မေ ၂၇

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို မေ ၂၇ ရက်က ဆက်လက်ကျင်းပရာ သစ္စာအားမာန်နှင့် Young Lionesses အသင်းတို့ အနိုင်ရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရန်ကုန်ရှိုင်ရယ်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိသည်။ အသင်းသစ် ရန်ကုန်ရှိုင်ရယ်အသင်းအတွက် ပထမဆုံးပွဲဖြစ်ပြီး လက်ရွေးစင်ကစားသမားအများစုပါဝင်သည့် သစ္စာအားမာန်အသင်းကို ဂိုးပြတ်အရှုံးပေးခဲ့ရသည်။ သစ္စာအားမာန်အသင်းသည် နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့ပြီး တိုက်စစ်မှူး မြတ်နိုးခင်မှာလည်း နှစ်ပွဲဆက် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❍

## ၂၇ - ၄ -၂၀၂၅ ရက်နေ့ ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၆၀၀၀၀ ဖြစ်သည်။**

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့သော မြန်မာပြေးခုန်ပစ်အဖွဲ့ ပြန်လည်ရောက်ရှိ



(၈၅)ကြိမ်မြောက် စင်ကာပူဖိတ်ခေါ် (Singapore SportsHub) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာပြေးခုန်ပစ်အားကစားသမားများအား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။

ရန်ကုန် မေ ၂၇

(၈၅)ကြိမ်မြောက် စင်ကာပူဖိတ်ခေါ် (Singapore SportsHub) ပြိုင်ပွဲကို မေ ၂၄ ရက်နှင့် ၂၅ ရက်က ကျင်းပခဲ့ရာ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့က ရွှေတံဆိပ်ဆု လေးခု ဆွတ်ခူးရရှိခဲ့ပြီး ယမန်နေ့ည ၁၀ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသမီးကြိုးတပ် သံလုံးပစ်ပြိုင်ပွဲတွင် သွယ်သွယ်မိုးက ရွှေတံဆိပ်ဆုကို စံချိန် (၄၇ ဒသမ ၃၈ မီတာ) ဖြင့်လည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်းဝင်းခိုင်က ရွှေတံဆိပ်ဆုကို စံချိန် ( ၅၉:၁၅.၆၀) ဖြင့်လည်းကောင်း၊ အမျိုးသား

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❂

## MNL ယူ-၂၁ လူငယ်လိဂ်တွင် Junior Lions အသင်း အနိုင်ရရှိ



Junior Lions အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် မေ ၂၇

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) စတုတ္ထနေ့ကို မေ ၂၇ ရက်က တောင်ဒဂုံကွင်း၌ ကျင်းပရာ Junior Lions အသင်းက Falcon အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာလူငယ် လက်ရွေးစင်အသင်း နှစ်သင်းဖြစ်သည့် ယူ-၁၉ လက်ရွေးစင်ဖြစ်သည့် Junior Lions အသင်းနှင့် ယူ-၁၆ လက်ရွေးစင်ဖြစ်သည့် Falcon အသင်း ပွဲဦးထွက်ပွဲတွင်ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဒုတိယပိုင်းမှ

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ❖

### ယနေ့ ဖတ်စရာ

**မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၅

**ယနေ့ခေတ်လူတန်းစားများ ပေါ်ထွက်စေခဲ့သည့် နည်းပညာ**
စာမျက်နှာ » ၂၃

**ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်ကိုပါဒယ်ရေးဖလား (၃၂)ကြိမ်မြောက် ဆွတ်ခူး**
စာမျက်နှာ » ၂၅